ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်၊ တနင်္ဂနွေနေ့၊ (7-3-2004) (၄၁၆၈)

အတ္တသမ္မာ ပဏိဓိ စ တေံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံ လူ့အရင်းအမြစ်

ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံသည် လူ့အရင်းအမြစ်ပင်ဖြစ်ရာ ဒေသတွင်း ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ် ပေးနိုင်ပြီး ဒေသဖွံ့ဖြိုးလာရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ရခြင်းဖြစ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘားအံဒေသအပါအဝင် ကရင်ပြည်နယ်သည် ယခင်ကာလနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းက မိမိဒေသဖူလုံရေးနှင့် စီးပွားတိုးတက်ရေး ကြိုးစားလုပ်ကိုင် စိုက်ပျိုးရေး၊ သားငါး၊ စက်မှုစသည်ဖြင့် ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်နေမှသာ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းပြီး ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာမည်

ရန်ကုန် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၃ရက် နံနက် ၁၀နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ထွေးသိန်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံမြို့ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံတပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၇-၃-၂၀၀၄
(တနင်္ဂနွေနေ့)

ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာဖြစ်ထွန်းရေး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရပိုင်းက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ သက်ဆိုင်ရာတိုင်း၊ ခရိုင်၊ မြို့နယ်များအပိုင်းကလည်း အားကြိုးမာန်တက် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၉ရက်နေ့မှ မတ်လ ၂ ရက်နေ့အတွင်း တနင်္သာရီတိုင်း ပုလောမြို့၊ ပလောက်မြို့၊ ထားဝယ်မြို့နှင့် ရေဖြူမြို့တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက် ဆောင်ရွက်ဖွယ်ရာများကို မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ သရက်ချောင်း၊ ရေဖြူနှင့် လောင်းလုံးမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေ ပံ့ပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ ထားဝယ်ဒေသအပိုင်းကလည်း ကုန်ထုတ်လုပ်မှုမြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း၊ ဒေသအတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို လူ့လုပ်အားဖြင့် တန်ဖိုးတက်လာအောင် ကြိုးပမ်းရင်း ထိထိရောက်ရောက် အားကြိုးမာန်တက် အလုပ်လုပ်သွားမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာမည်ဖြစ်ကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်တည်ဆောက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးဒေသများဖြစ်သည့် ထားဝယ်နှင့် မြိတ်တို့၌ လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများစွာကို အဓိကထား၍ ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။

သာဓကအားဖြင့် ကားလမ်းပိုင်းတွင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိသွားနိုင်သည့် ရေး-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူးတံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ရေး-ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှ ထားဝယ်သို့ နေ့ချင်းပေါက်သွားလာနိုင်ပြီး လမ်းပိုင်းအဆင့်မြှင့် ပြုပြင်ဆောင်ရွက်မှုပြီးစီးသွားပါက ယခုထက်ပို၍ လျင်မြန်စွာသွားလာနိုင်မည် ဖြစ်သည်။

ယခုအခါ ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ယှဉ်လျက်ပါရှိသော သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ တံတားကြီးပြီးစီးသွားပါက ရန်ကုန်မြို့နှင့် တိုက်ရိုက်မြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်မည့်အပြင် တနင်္သာရီဒေသ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

တနင်္သာရီဒေသအတွင်း သဘာဝသယံဇာတအရင်းအမြစ်များ ပြည့်စုံလျက်ရှိရာ အဆိုပါ သယံဇာတအရင်းအမြစ် များကို ဒေသခံပြည်သူတို့၏ လုပ်အားဖြင့် တန်ဖိုးတက်လာစေရေး ထိထိရောက်ရောက် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ခိုင်မာဖြစ်ထွန်းစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ အားလုံးက အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘိန်းစိုက်ပျိုးမှု ၅၀ရာခိုင်နှုန်းထိကျဆင်း ဒေသခံတိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်အောင်မြင် ကိုးကန့်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်းဖွင့်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ လှူဒါန်းငွေဖြင့်ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၃ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်အထူးဒေသ(၁) လောက်ကိုင်မြို့ရှိ အဆိုပါသင်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ လောက်ကိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သန်းဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၊ မူးယစ်ဗဟိုရုံး ညွှန်ကြားရေးမှူး(နိုင်ငံတကာ) ရဲမှူးကြီးစစ်အေး၊ ပြည်နယ်/ခရိုင်/ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကိုးကန့်အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဗဟိုအဖွဲ့ ကိုယ်စားအဖွဲ့ဝင် ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်ပြီး မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် (၁၅)နှစ် စီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင်(၁၅)နှစ် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဘိန်းစိုက်ပျိုးသည့် ပြည်နယ်ဒေသငါးခုတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ် စီမံကိန်း New Destiny Projectကို ၂၀၀၂ ခုနှစ် ဧပြီလမှစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့သည်နှင့်အညီ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေဒေသခံ တောင်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သဘောပေါက်နားလည်ပြီး စုဆောင်းထားသည့် ဘိန်းမျိုးစေ့များကို အသိစိတ်ဓာတ်ဖြင့် အပ်နှံလာခဲ့ကြကြောင်း၊ အပ်နှံသည့် ဘိန်းမျိုးစေ့များကို လားရှိုးတွင် သုံးကြိမ်၊ လောက်ကိုင်တွင် တစ်ကြိမ်၊ စုစုပေါင်း မီးရှို့ဖျက်ဆီးမှု လေးကြိမ် ပြုလုပ်ဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်း။

သိသိသာသာကျဆင်း

ဘိန်းမျိုးစေ့များကို အပ်နှံပြီး ဘိန်းစိုက်ပျိုးခြင်းမပြုတော့ဘဲ အစားထိုးသီးနှံ စိုက်ပျိုးခဲ့ကြသည့်အတွက် ပြီးခဲ့သည့် ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အတိုင်းအတာအရ ယခင် ၂၀၀၁-၂၀၀၂ နှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၂၄ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းလာသည်ကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်း လက်တွေ့ဆောင်ရွက်ချက်အရ သိရှိရသည့်အပြင် အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှု ၅၀ရာခိုင်နှုန်းခန့်အထိ သိသိသာသာ ကျဆင်းလာသည်ကိုလည်း သုံးသပ်တွေ့ရှိရကြောင်း၊ ထိုသို့ လျော့နည်း ကျဆင်းခဲ့သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသကို ဘိန်းစိုက်ပျိုးမှု ကင်းမဲ့ဒေသအဖြစ် ၂၀၀၃ ခုနှစ်ကစ၍ သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားများအနေဖြင့် ဘိန်းစိုက်ပျိုးမှုဓလေ့ကို စွန့်လွှတ်ပြီး အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည့်အပြင် မိမိတို့နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး တစ်တပ်တစ်အား ပါဝင်ပူးပေါင်း လုပ်ဆောင်လာကြသည့်အတွက် နယ်စပ်ဒေသ အားလုံးတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများ ယခင်အတိတ်ကာလနှင့်မတူတော့ဘဲ သိသိသာသာ တိုးတက်ပြောင်းလဲနေသည့် အခြေအနေကိုရောက်ရှိ လာပြီဖြစ်ကြောင်း။

နိုင်ငံတကာကသိရှိ

မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လေ့လာကြည့်ရှုနိုင်ရန်အတွက် မူးယစ်ဗဟိုအဖွဲ့ဝင် ဝန်ကြီးများ ဦးဆောင်ပြီး သံတမန်များ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ အကြီးအကဲများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ပါဝင်သည့် အဖွဲ့များသည် နယ်စပ်ဒေသများသို့ သုံးကြိမ်တိုင် ကွင်းဆင်းလေ့လာရေးခရီး ရောက်ရှိခဲ့ကြပြီးဖြစ်ကြောင်း၊ အဆိုပါ လေ့လာရေးခရီးစဉ်များအရ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများတွင် မည်မျှတိုးတက် အောင်မြင်နေသည်ကို လက်တွေ့မြင်တွေ့သွားကြသည့်အပြင် လေ့လာရေးအဖွဲ့ဝင် သံတမန်များ၊ သတင်း မီဒီယာမှ တစ်ဆင့် နိုင်ငံတကာကပါ သိရှိနေကြပြီဖြစ်ကြောင်း။

ထိုသို့ တိုးတက်အောင်မြင်နေမှုများကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် ယုံကြည်လက်ခံ အသိအမှတ်ပြုသည့် သာဓကတစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့တွင် ယခုကဲ့သို့ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း တစ်ကျောင်း တည်ဆောက်ဖွင့်လှစ်သွားရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက မူးယစ်ဗဟိုအဖွဲ့သို့ ရန်ပုံငွေဒေါ်လာ ၁၂၀၀၀ လှူဒါန်းထောက်ပံ့ခဲ့ကြောင်း။

ပူးပေါင်းပါဝင်မှုအားရယူ

သံအမတ်ကြီးလှူဒါန်းငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်နိုင်အောင် သက်ဆိုင်ရာ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏စီစဉ်ညွှန်ကြားမှု၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်)၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ယခုလို သင်တန်းကျောင်းဖွင့်လှစ်နိုင်အောင် ငွေကြေးထောက်ပံ့လှူဒါန်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား မူးယစ်ဗဟိုအဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားများ ကိုယ်စားအထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ သင်တန်းကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လောက်ကိုင်ဒေသ တောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများကို စနစ်တကျ တက်ရောက်သင်ကြား လေ့လာခွင့်ရရှိကြမှာ ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့် ပေးလိုက်သည့်နည်းပညာများကို မိမိတို့နယ်မြေဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် လက်တွေ့ အသုံးချလျက် အသက်မွေးဝမ်းကျောင်း ပြုနိုင်ကြမှာ ဖြစ်သည့်အပြင် ဒေသခံတောင်သူများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ပိုမိုထိရောက် အောင်မြင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေးကို ရေရှည်အထောက်အကူ ပေးသွားမှာဖြစ်ကြောင်း၊ ကိုးကန့် နယ်မြေဒေသခံ တောင်သူအားလုံးကို အကျိုးဖြစ်ထွန်းစေမည့် သင်တန်းကျောင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ထာဝစဉ်လက်တွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ငွေလှူဒါန်းခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကိုးကန့်အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က ဒေသခံတိုင်းရင်းသားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်ပြီး ကိုးကန့်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် အလံကို ကိုးကန့်အထူးဒေသ(၁) တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က တရုတ်နိုင်ငံသံအမတ်ကြီး Mr. Li Jinjunသို့ ပေးအပ်ပြီးနောက် ကိုးကန့်ဒေသ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း အဆောက်အအုံကို မူးယစ်ဗဟိုအဖွဲ့ဝင် ရဲမှူးချုပ်ဇော်ဝင်း၊ လောက်ကိုင်ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သန်းဝင်း၊ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Li Jinjun၊ ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

အီရတ်တွင် ဖြစ်ပွားသော ဗုံးကွဲမှုများနှင့်ပတ်သက်၍ သမ္မတဘုရှ်ကို ရှုတ်ချ

မတ် ၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၄ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် အမှတ်(၄)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၄ ရက်က ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းပူဆွေးနေကြသည့် အီရတ် အမျိုးသမီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

အပျက်အစီးများ ပြန့်ကျဲ

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့ ခါဒီမီယာဒေသတွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများ ပြန့်ကျဲနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မတ် ၅ ရက်က ဂျပန်နိုင်ငံ မြို့တော်တိုကျိုရှိ အမေရိကန်သံရုံးအနီးတွင်အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်ရာ အီရတ်နိုင်ငံ ကာဘာလာနှင့် ဘဂ္ဂဒက်မြို့တို့တွင် မကြာသေးမီရက်များက ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ သမ္မတဘုရှ်ကို ရှုတ်ချသောပိုစတာကို ကိုင်ဆောင်ကာ ဆန္ဒပြနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် ဒုံးပစ်လောင်ချာများ တင်ဆောင်ထားသော စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှုနှင့် အီရတ်စစ်ပွဲ အကျိုးဆက် အမေရိကန်ဆယ်ကျော်သက်ရွယ်များ စိတ်ဖိစီးမှုဝေဒနာ ခံစားနေရ

ဝါရှင်တန် မတ် ၅

အမေရိကန်ပြည်ထောင်စုမှ ဆယ်ကျော်သက်ရွယ်များသည် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် အီရတ်စစ်ပွဲ အကျိုးဆက်များအဖြစ် စိတ်ဖိစီးမှုဝေဒနာများ ခံစားနေရကြောင်း လေ့လာဆန်းစစ်ချက်မှုအရ သိရသည်။

ဂျော်ဂျီယာ ဆေးကောလိပ်က ဆယ်ကျော်သက် အရွယ်များ၏ စိတ်သောကဖိစီးမှု ဝေဒနာဆိုင်ရာ တုံ့ပြန်ချက်များကို အလေးထားကာ သုတေသနစာတမ်းနှစ်ခု ပြုစုထားပြီး ယခုရက်သတ္တပတ်က ကျင်းပသော အမေရိကန် စိတ်ပိုင်းရုပ်ပိုင်း ဆက်သွယ်မှုဆိုင်ရာ အသင်းနှစ်ပတ်လည် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ခံစားနေရ

အမေရိကန် ပြည်ထောင်စုတွင် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီး သုံးလအကြာ အမေရိကန်တောင်ပိုင်းရှိ အထက်တန်းကျောင်းမှ လူမည်းကျောင်းသူ၊ ကျောင်းသား ၄၀၀ တွင် ၁၀ ရာခိုင်နှုန်းသော ကျောင်းသူ၊ ကျောင်းသားများသည် ထူးခြားသည့် စိတ်ဖိစီးမှုဝေဒနာ လက္ခဏာများကို ခံစားနေရသည်ဟု သုတေသနပြုထားသည့် စာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

ဆယ်ကျော်သက်အရွယ် ၁၄၉ ဦးသည် အီရတ်စစ်ပွဲ ဖြစ်ပွားမှုကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် နှလုံးသွေးကြောနှင့် ပတ်သက်သည့် ဝေဒနာများခံစားရကြောင်း အခြား လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းရောဂါဝေဒနာများကို စစ်ဘက်ဆိုင်ရာ မိသားစုများတွင် အများဆုံးတွေ့ရှိရသည်ဟု ဆိုသည်။

နှီးဆော်

ယင်းသုတေသနစာတမ်းများကို ပြုစုရခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ အနာဂတ်ကာလတွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများအား တုံ့ပြန်မှု များနှင့် ဆက်နွှယ်သည့် စိတ်သောက ဖိစီးမှုဝေဒနာဖြစ်ပွားသည့် နှုန်းထားကို ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ကျောင်းအကြံပေးပုဂ္ဂိုလ်များ၊ မိဘများနှင့် ကျောင်းအုပ်ချုပ်သူများက ထိန်းချုပ်နိုင်ရန် နှိုးဆော်လိုက်ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် စိုးရိမ်သောကရောက်မှုမှာ အဆုံးမသတ်သေးကြောင်း စာတမ်းပြုစုသည့် သုတေသီ စိတ်ပညာရှင် ဗာနွန်အေဘန်နီစ်က ပြောကြားသည်။ ၎င်းသည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှု၏ အကျိုးဆက် ဝေဒနာနှင့် သက်ဆိုင်သည့် စာတမ်းကိုရေးသူ ဖြစ်သည်။

ရည်ရွယ်ချက်

အီရတ်စစ်ပွဲ အကျိုးဆက်ဝေဒနာနှင့် ပတ်သက်သည့် စာတမ်းပြုစုသူ ကလေးသူငယ်ဆိုင်ရာ စိတ်ပညာရှင် ဖရင့်ထရိုင်ဘာကလည်း ၎င်း၏ သုတေသနစာတမ်းတွင် အလားတူ ရည်ရွယ်ချက်များ ဖော်ပြထားကြောင်း ပြောကြားသည်။ ***အင်တာနက်။***

ဘေးလွတ်ရာသို့ ထွက်ပြေး

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘေးလွတ်ရာသို့ထွက်ပြေးနေကြသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်။

ဘဂ္ဂဒက်နှင့် ကာဘာလာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၇၁ ဦး ရှိဟု ထုတ်ဖော်ပြောဆို

ဘဂ္ဂဒက် မတ် ၅

ဘဂ္ဂဒက်မြို့တော်နှင့် ကာဘာလာမြို့တို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၇၁ဦး အထိရှိသွားပြီဖြစ်ကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုဟာမက်ဘာဒယ်အူလွန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

သို့သော် အီရတ်ကျန်းမာရေးဝန်ကြီး အဘတ်စ်ကမူ ဘဂ္ဂဒက်၌ သေဆုံးသူ ၇၁ဦးရှိပြီး ကာဘာလာ၌ သေဆုံးသူ ၉၈ဦးရှိကြောင်း ပြောကြားသည်။

ကြေညာရန် ခက်ခဲ

သေဆုံးသူအားလုံး၏ အရေအတွက်ကို ကြေညာရန်မှာ ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် သေဆုံးသူများအနက် အများအပြားမှာ ခန္ဓာကိုယ်ပြတ်ထွက်ကုန်ပြီး တွေ့သမျှကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အိတ်ထဲသို့ ထိုးထည့်ရခြင်းကြောင့်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။ ***အင်တာနက်။***

အီရတ်၏လက်နက်ကိစ္စ မှားယွင်းစွာ သုံးသပ်မိကြောင်း ဘုရှ်ဝန်ခံသင့် အမေရိကန်လက်နက်စစ်ဆေးရေးမှူးဟောင်း ဝေဖန်ပြောဆို

လန်ဒန် မတ် ၅

အမေရိကန်သမ္မတဘုရှ်အနေဖြင့် အီရတ်နိုင်ငံတွင် ပိုးမွှားလက်နက်နှင့် ဓာတုလက်နက်များကိစ္စ မှားယွင်းစွာ သုံးသပ်မိကြောင်းကို ဝန်ခံသင့်ကြောင်းဖြင့် အမေရိကန်လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးက ပြောကြားလိုက်သည်။

ဒေးဗစ်ကေးက ဗြိတိန်နိုင်ငံ ဂါးဒီးယန်းသတင်းစာနှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံမေးမြန်းခန်းတွင် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယူဆနိုင်

မှားယွင်းစွာယူဆမိသည်ကို ထုတ်ဖော်ဝန်ခံခြင်းမပြုလျှင် သမ္မတဘုရှ်အနေဖြင့် ထောက်လှမ်းရေးသတင်း အချက်အလက်များကို ပြင်ဆင်ပြီး ရည်ရွယ်ချက်တစ်ခုခုအတွက် ထိုသို့လုပ်သည်ဟု အများက ယူဆလာနိုင်ကြောင်း ဒေးဗစ်က ပြောဆိုသည်။

အဓိကအကြောင်းပြ

အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ကျော်သေဆုံးရသည့် အီရတ်စစ်ပွဲကို ဆင်နွှဲခြင်းမှာ အီရတ်တို့တွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်အစိုးရက အဓိက အကြောင်းပြထားသည်။

နုတ်ထွက်

အီရတ်၌ ထိုလက်နက်မျိုးလည်း ရှာမတွေ့၊ တွေ့လိမ့်မည်ဟုလည်း မယုံကြည်ဟုပြောဆိုကာ ဒေးဗစ်ကေးသည် လက်နက်စစ်ဆေးရေးမှူးအဖြစ်မှ နုတ်ထွက်လိုက်သည်။

ဆက်ဒမ်ဟူစိန်အနေဖြင့် ထိုလက်နက်များ မပိုင်သည့်တိုင်အောင် ထိုလက်နက်မျိုး ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ပြောကြားလျက် သမ္မတဘုရှ်က အီရတ်စစ်ပွဲကို ကာကွယ်ပြောကြားလာသည်။ ***အင်တာနက်။***

နိုင်ငံခြားသတင်းများ

အင်ဒိုနီးရှား၌ သွေးလွန်တုပ်ကွေးဖြစ်ပွား

ဂျကာတာ မတ် ၅

ဇန်နဝါရီလအတွင်းမှစတင်၍ အင်ဒိုနီးရှားနိုင်ငံ အနှံ့အပြားတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ ၂၂၃၈၄ဦး ရှိပြီဖြစ်ကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၂ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်သူ အမျိုးသမီးတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ထို့အပြင် ဂျကာတာမြို့နှင့်ပတ်ဝန်းကျင်ဒေသသည် အဆိုပါရောဂါအများဆုံးဖြစ်ပွားရာ ဒေသဖြစ်ပြီး ဒေသတွင်း ရောဂါဖြစ်ပွားသူဦးရေ ၈၆၃၂ဦးအနက် သေဆုံးသူ ၅၉ ဦးရှိသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အပျက်အစီးများ

မတ် ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ခါဒီမီယာဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အနုပညာရှင်များက ဘုရှ်နှင့် အီရတ်စစ်ပွဲကိစ္စ ဝေဖန်ရှုတ်ချ

ဟောလိဝုဒ် မတ် ၅

အမေရိကန်ပြည်ထောင်စုတွင် တနင်္ဂနွေနေ့က ကျင်းပခဲ့သော အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားသည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်အား ဟောလိဝုဒ် အကျော်အမော်များက ဝေဖန်ပြောဆိုရန် အခွင့်အလမ်းတစ်ရပ်ဖြစ်စေကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည့် သမ္မတဘုရှ်၏ လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ပထမဆုံး ဝေဖန်ပြောဆိုသူမှာ အော်စကာဆုပေးပွဲ အခမ်းအနားမှူး ဘီလီ ခရစ္စတယ်လ်ဖြစ်သည်။

ခရစ္စတယ်လ်သည် လွန်ခဲ့သည့် ၁၃ နှစ်က အော်စကာဆုပေးပွဲ အခမ်းအနားမှူးအဖြစ် ပထမဆုံးဆောင်ရွက်ခဲ့ပုံကို ပြန်ပြောင်းပြောဆိုသည်။

လွန်ခဲ့သည့် ၁၃ နှစ်က အခြေအနေနှင့် ယနေ့ကာလ အခြေအနေတို့သည် အတော်ပင် ကွဲပြားခြားနား သွားခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိသမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ ဖခင် ဂျော့ဂျ်ဘုရှ်သည် ၁၉၉၁ ခုနှစ်က ပင်လယ်ကွေ့စစ်ပွဲကို ဆင်နွှဲခဲ့စဉ်က အမေရိကန်စီးပွားရေးမှာ ကျဆင်းသွားခဲ့ကြောင်း၊ လက်ရှိ သမ္မတဘုရှ်၏ လက်ထက်တွင် အီရတ်စစ်ပွဲ ဖြစ်ပွားခဲ့ပြီး စီးပွားရေးပြဿနာများမှ လွန်မြောက်နိုင်ရန်လည်း ရုန်းကန်နေရကြောင်း ခရစ္စတယ်လ်က ပြောကြားသည်။

ခရစ္စတယ်လ်သည် လွန်ခဲ့သည့်နှစ်များတွင် အော်စကာဆုပေးပွဲ အခမ်းအနားမှူးအဖြစ်မှ ပျောက်ကွယ်နေခဲ့မှုကို စစ်မှုထမ်းရန် ရှောင်လွှဲနေခဲ့သော သမ္မတဘုရှ်၏ ဖြစ်အင်နှင့်နှိုင်းယှဉ်ကာ ဝေဖန်ပြောဆိုခဲ့သည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

အီရတ်၌ ဖျက်အားပြင်းလက်နက်များရှိသည်ဆိုသောကိစ္စ တာဝန်ရှိသူများကို အထက်လွှတ်တော်ကော်မတီစစ်ဆေးမေးမြန်းလျက်ရှိ

ဝါရှင်တန် မတ် ၅

အီရတ်စစ်ပွဲ မဖြစ်ပွားမီက ထောက်လှမ်းရေးသတင်း သုံးသပ်ချက်များတွင် အီရတ်နိုင်ငံ၏အန္တရာယ်သည် အလွန်ကြီးမားသည်ဟု ဖော်ပြခဲ့သည်။ သို့သော် ကျူးကျော်စစ်ပွဲကို အမေရိကန်တို့ ဦးဆောင်ကာ ဆင်နွှဲခဲ့ပြီးချိန်တွင် အန္တရာယ်ကြီးသည်ဆိုသော လက်နက်များကို ရှာဖွေတွေ့ရှိခြင်း မရှိပေ။ အထက်ပါကိစ္စနှင့် ပတ်သက်သော အဖြစ်မှန်ကို သိရှိနိုင်ရန် အမေရိကန် အထက်လွှတ်တော် စုံစမ်းရေးကော်မတီက ထောက်လှမ်းရေးဌာန တာဝန်ရှိသူများကို စုံစမ်းမေးမြန်းလျက်ရှိသည်။

အထက်လွှတ်တော် စုံစမ်းရေးကော်မတီက တံခါးပိတ် စစ်ဆေးမေးမြန်းရာ၌ စီအိုင်အေ အကြီးအကဲ၊ အမျိုးသားလုံခြုံရေးအေဂျင်စီ အကြီးအကဲ၊ ကာကွယ်ရေးဌာန ထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲနှင့် အမျိုးသား ဝေဟင်ထောက်လှမ်းရေးအေဂျင်စီတို့ကို ခေါ်ယူမေးမြန်းခဲ့ကြောင်းသိရသည်။ အထက်လွှတ်တော်စုံစမ်းရေးကော်မတီသည် ယခုစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ စစ်မဖြစ်မီကာလ အီရတ် နိုင်ငံ၏ ထောက်လှမ်းရေးကိစ္စများ အပေါ် သုံးသပ်ဝေဖန်ထားသည့် အစီရင်ခံစာတစ်စောင်ကို ပြုစုသွားမည်ဟု မှန်းဆရသည်။

ဆောင်ရွက်မည်

ထောက်လှမ်းရေး အကြီးအကဲများကို စစ်မေးရာ၌ မိမိတို့အားလုံးသိထားသည့် အီရတ်နိုင်ငံနှင့်ပတ်သက်သည့် သတင်းများ၊ ဖတ်ထား၊ ကြားထားသည့် သတင်းများကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပက်ရောဘတ်က ပြောကြားသည်။ ၎င်းသည် ကင်ဆပ်ပြည်နယ် ရီပတ်ဘလီကန်အမတ်တစ်ဦးဖြစ်ပြီး လက်ရှိ အထက်လွှတ်တော် စုံစမ်းရေးကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

အီရတ်တွင် အမှန်တကယ်ပင် လူအစုလိုက်သေစေနိုင်သော လက်နက်များရှိသည်၊ မရှိသည်ဟူသောကိစ္စသည် လာမည့်နိုဝင်ဘာလ၌ ကျင်းပရန်ရှိသော အမေရိကန် ရွေးကောက်ပွဲနှင့် ဆက်စပ်မှု ရှိနေသည်။ ထိုကိစ္စကို နိုင်ငံရေးပြဿနာတစ်ရပ်အဖြစ်မြင်တွေ့နေရသည်။ ရီပတ်ဘလီကန်များက ဖျက်အားပြင်း လက်နက်များကိစ္စကို ကောက်ချက်ချရန်စောလွန်းနေသေးသည်ဟု ယူဆနေကြသည်။ တစ်ဖက်မှလည်း ဒီမိုကရက်များက အမေရိကန်အစိုးရသည် ဖျက်အားပြင်းသော လက်နက်များကိစ္စကို အမှန်ရှိနေသော အခြေအနေထက်ချဲ့ကား၍ စစ်တိုက်ရန် အသုံးချခဲ့ခြင်း ရှိ၊ မရှိသိလိုကြောင်း ဆောဒကတက် မေးခွန်းများ မေးလျက်ရှိသည်။

ထည့်သွင်းစဉ်းစားနေ

အထက်လွှတ်တော် အမတ်များက ယခုကိစ္စနှင့် ပတ်သက်၍ အမှားအယွင်း တစ်စုံတစ်ရာကို တွေ့ရှိခဲ့ကြလျှင် ထိုအမှားကို ဖြေရှင်းရန် မည်သို့ဆောင်ရွက်ရမည်နည်းဆိုသော အခြေအနေကိုပါ ထည့်သွင်းစဉ်းစားနေကြကြောင်း ဂျွန်ရောကဖဲလားက ဆိုသည်။ ၎င်းသည် အနောက်ဗာဂျီးနီးယားပြည်နယ်မှ အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သည်။

ကော်မတီအနေဖြင့် ယခုကိစ္စနှင့် စပ်ဆိုင်နေသော အစီရင်ခံစာကို အဆုံးမသတ်မီ စီအိုင်အေ ညွှန်ကြားရေးမှူး ဂျော့တင်းနက်ကို ထပ်မံမေးမြန်း စုံစမ်းသွားရန်ရှိကြောင်း သိရသည်။

အီရတ်စစ်ပွဲမတိုင်မီ ၂၀၀၂ ခုနှစ် အောက်တိုဘာလအတွင်းက အရေးပါသော အမျိုးသားထောက်လှမ်းရေး ခန့်မှန်းချက် အစီရင်ခံစာတစ်စောင် ထွက်ပေါ်ခဲ့သည်။ ထိုအစီရင်ခံစာတွင် အီရတ်နိုင်ငံ၌ အန္တရာယ်ကြီးသော ဓာတုနှင့် ဇီဝလက်နက်များရှိနေသည်။ ထို့အပြင် အဏုမြူလက်နက်ထုတ်လုပ်ရန်ပင် အစီအစဉ်များရှိကြောင်း ဖော်ပြထားသည်။ သို့သော် အမေရိကန်ဦးဆောင်သော တပ်များသည် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက် ပြီးသော အခါတွင် ထိုလက်နက်များကို ရှာ၍ မတွေ့ဘဲရှိသည်။

အမေရိကန် ထောက်လှမ်းရေး စီအိုင်အေသည် အီရတ်နိုင်ငံ၌ တားမြစ်ထားသော လက်နက်များရှိ၊ မရှိ ရှာဖွေရန် လက်နက်ရှာဖွေရေးမှူး ဒေးဗစ်ကေးကို တာဝန်ပေးခဲ့သည်။ ကေးက အီရတ်နိုင်ငံတွင် အမေရိကန်တို့ဆိုသကဲ့သို့ ဓာတုနှင့် ဇီဝလက်နက်များ ရှိနေသည်ဟု မိမိ မယုံကြည်ကြောင်း ယခုနှစ် ဇန်နဝါရီလတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက်ပိုင်း၌ ဒေးဗစ်ကေး၏ နေရာ၌ ချားဒူလ်ဖာကို လက်နက်ရှာဖွေရေးမှူးအဖြစ် အစားထိုးခန့်အပ်ပြီး ဆက်လက်ရှာဖွေရန် တာဝန်ပေးခဲ့သည်။ ချားဒူလ်ဖာက ၎င်း၏ အစီရင်ခံစာကို လာမည့်နွေဦးရာသီတွင် ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ခေါ်ဆောင်

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီးမှ သက်ကြီးရွယ်အိုများကို ဘေးကင်းရာသို့ တွန်းလှည်းများဖြင့် တင်၍ ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မိုဆူးလ်ရဲစခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ် ရဲအရာရှိတစ်ဦး အပါအဝင် လူသုံးဦး ဒဏ်ရာရ

မိုဆူးလ် မတ် ၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ ရဲစခန်းကို ကြာသပတေးနေ့တွင် အီရတ်ခုခံရေးသမားများက စိန်ပြောင်းဖြင့် ငါးချက်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရဲအရာရှိတစ်ဦး အပါအဝင် လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲဘက်ဆိုင်ရာ သတင်းများက ဆိုသည်။

ခုခံရေးသမားများက မိုဆူးလ်မြို့လယ်ရှိ ရဲစခန်းကို စိန်ပြောင်းဖြင့် အချက်တော်တော်များများ ပစ်ခတ်ခဲ့၍ ရဲစခန်း၊ စခန်း၏အရှေ့ရှိ လမ်းမနှင့် ပတ်ဝန်းကျင်ကို ထိမှန်ခဲ့ရသည်။ တိုက်ခိုက်သူများသည် ကားဖြင့် ထွက်ပြေးသွားကြကြောင်း သိရသည်။

ရှာဖွေ

ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာ နေရာကို ပိတ်ဆို့ထားလိုက်ပြီး မော်တော်ယာဉ်များကို ရှာဖွေခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ခိုက်

တိုက်ခိုက်ရေးသမားများက အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆက်တိုက်ဆိုသကဲ့သို့ တိုက်ခိုက်လျက်ရှိသည်။

လေ့ကျင့်ပေး

မိုဆူးလ်တွင် ဖြစ်ပွားသော ရဲစခန်းပစ်ခတ်မှုသည် ယင်းတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲ လုပ်ရပ်ပင်ဖြစ်သည်။ အမေရိကန်တို့က အီရတ်များ၏ လုံခြုံရေးကို အီရတ်များကိုယ်တိုင် တာဝန်ယူနိုင်စေရန် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးနေခြင်း ဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မိုဆူးလ်မြို့တွင် ရဲအရာရှိကြီးတစ်ဦးကို သေနတ်သမားများက ပစ်သတ်သွားခဲ့ကြသည်။ နိုင်ငံ၏မြောက်ပိုင်း ကယ်ကွတ်မြို့၌လည်း ရဲစခန်းကို အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့သေးသည့်အပြင် ဘဂ္ဂဒက်မြို့ အပြင်၌လည်း သီးခြားတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရသည့်အတွက် လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။

ကြာသပတေးနေ့က ဘဂ္ဂဒက်နှင့် ကာဘာလာမြို့တို့၌ တိုက်ခိုက်မှုများ ဆက်တိုက် ဖြစ်ပေါ်လာပြီးနောက်ပိုင်း နှစ်ရက်အကြာတွင် ဆက်လက်ပေါ်ပေါက်လာသော တိုက်ခိုက်မှုတစ်ခုဖြစ်သည်။ ဘဂ္ဂဒက်နှင့် ကာဘာလာမြို့ ဗုံးပေါက်ကွဲမှုများတွင် လူ ၁၆၀ ထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲသောနေရာတွင် ဆုတောင်းမေတ္တာပို့သသည့် အခမ်းအနားပြုလုပ်ရန် စီစဉ်နေသော အီရတ်တစ်ဦးကို မတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့ တယ်လီဖုန်း ဆက်သွယ်ရေးစခန်းအနီး၌ ဒုံးကျည်ပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၅

ဘဂ္ဂဒက်မြို့ တယ်လီဖုန်းဆက်သွယ်ရေး စခန်းတစ်ခုအနီး၌ ကြာသပတေးနေ့က ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲရာ အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ရသည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောဆိုသည်။ ဗုဒ္ဓဟူးနေ့ကလည်း ဘဂ္ဂဒက်မြို့ရှိ အခြားတယ်လီဖုန်းဆက်သွယ်ရေး စခန်းတစ်ခုတွင် ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ သို့ဖြစ်၍ ပြောက်ကျားများသည် ဆက်သွယ်ရေးစခန်းများကိုပါ ဦးတည်တိုက်ခိုက်နေကြပြီလောဟု စိုးရိမ်လာကြကြောင်း သိရသည်။ ယခင်အခါက တိုက်ခိုက်ရေးသမားများသည် နိုင်ငံ၏ စွမ်းအင်လုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများကို မကြာခဏ တိုက်ခိုက်လေ့ရှိသည်။

ပေါက်ကွဲပျက်စီး

ကြာသပတေးနေ့က အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသော ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဒုံးကျည်သည် မြေပြင်အနီးရှပ်ပြေးသွားပြီး ကားတစ်စီးကို ထိမှန်ခဲ့သည့်အတွက် ကားအတွင်းမှလူများ သေဆုံးခဲ့ရသည်ဟုဆိုသည်။ ပေါက်ကွဲပျက်စီးကာ ကောက်ကွေးတွန့်လိမ်သွားသောကားကို လူအများအပြား လာရောက်ကြည့်ရှုကြသည်။ လူသုံးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့ဝင် လွေးမာဂျစ်က ပြောကြားသည်။ အခင်းဖြစ်ပွားပြီးနောက် စုရုံးမိသွားသော လူအုပ်ကြီးက အမေရိကန်သည် အီရတ်၏ ရန်သူဖြစ်သည်ဟူသော အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

● ရတနာမဥ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း ဖွင့်မည် ●

ရန်ကုန် မတ် ၆

ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် (၂)လမ်း ရတနာမဥ္ဇူဓမ္မရိပ်သာ၌ မတ် ၁၃ ရက်မှ ၂၀ ရက်အထိ ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မ ဇောတိကဓဇ)နှင့် ကမ္မဋ္ဌာနာစရိယများက တရားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မတ် ၁၃ ရက် နံနက် ၇ နာရီအရောက် ရတနာမဥ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာအသင်းချုပ်မှ ကားဖြင့်ကြိုပို့ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဖြိုးခြံရွှေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ

မြင့်လွင်

ခတ်ပုံ-သာဥက် -သတင်းစဉ်နှင့်ပုလဲလုပ်ငန်း

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်လျက်ရှိသည့် ပြည်ပ ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာတာဆာကီကုမ္ပဏီလီမိတက်က ယခုနှစ်အတွင်း ဖော်ယူရရှိသော အရေအတွက်များပြီး အရည်အသွေးကောင်းမွန်သည့် ပုလဲလုံးရေ ၁၁၇၁၂၄ လုံးကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ခင်းကျင်းပြသရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ၊ မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးပြီးနောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အရည်အသွေးကောင်းမွန်သော မြန်မာ့ပုလဲများကို ဖက်စပ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ တိုးတက်ထုတ်လုပ်ရေး၊ လာမည့်နှစ်များတွင်လည်း ယခုနှစ်ထက် ပုလဲလုံးရေ ပိုမိုထုတ်လုပ်နိုင်ရေး၊ ရရှိသောပုလဲများ ဈေးကွက်ဝင်နိုင်ရေး၊ အရည်အသွေး ကောင်းမွန်သောပုလဲများ ပိုမိုထုတ်လုပ်ရေး၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲများ မျက်နှာပန်းပွင့်ထိုးဖောက်ဝင်ရောက်နိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသွားခဲ့သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာတာဆာကီကုမ္ပဏီလီမိတက်က ပြသထားသည့် ပုလဲ ၁၁၇၁၂၄ လုံးမှာ အလေးချိန်အားဖြင့်



ပုလဲရတနာ

အသင့်ဝတ်ဆင်ရန် ဒီဇိုင်းအမျိုးမျိုးဖြင့် ပြုလုပ်ထားသော ပုလဲရတနာများကို တွေ့ရစဉ်။

၅၂၉၆၅ ဒသမ ၅ မိုမီဖြစ်ပြီး ယူရိုငွေခြောက်သန်း တန်ဖိုးရှိသည်။ မြန်မာတာဆာကီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူကလည်း မြန်မာ့ရေပြင်မှ ထွက်ရှိသော အရည်အသွေး ကောင်းမွန်သည့် မွေးပုလဲများကို လာမည့်နှစ်များတွင် ယခုထက် ပိုမိုဖော်ယူပြီး ကမ္ဘာ့ဈေးကွက်တွင် ယခင်ကကဲ့သို့ မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ ဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားပါမည်ဟု ထိုပြပွဲ၌ ထုတ်ဖော်ပြောကြားသွားသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ၎င်းပိုင် သဘာဝပုလဲနှင့် မွေးမြူရေးပုလဲများကိုလည်းကောင်း၊ နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းများကိုလည်းကောင်း၊ ပုလဲမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း လုပ်ကိုင်ခဲ့သည်။ ယခု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်သော မြန်မာတာဆာကီကုမ္ပဏီလီမိတက်က ယခုနှစ်တွင် အရေအတွက်နှင့် အရည်အသွေး ကောင်းမွန်သည့် ပုလဲဖော်ယူရရှိမှု အများဆုံးနှစ်ဖြစ်၍ အားရဝမ်းမြောက်ဖွယ်ဖြစ်သည်။

ယခုဖော်ယူရရှိသော မြန်မာ့မွေးမြူရေး ပုလဲများ ကောင်းနိုးရာရာ အတွဲများတွဲ၍ မတ်လ ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချမည်ဖြစ်ရာ နိုင်ငံခြားငွေ ပိုမိုတိုးတက်ရရှိလာမည်ဟု ခန့်မှန်းထားသည်။

ကမ္ဘာပေါ်တွင် စီးပွားဖြစ် ထုတ်လုပ်ရောင်းချသော ပုလဲ လေးမျိုးရှိသည်။ ၎င်းတို့မှာ-

- ဂျပန်ရေငန်ပုလဲ
- တောင်ပင်လယ်ရေငန်ပုလဲ
- ရေငန်ပုလဲနက်
- ရေငန်ပုလဲ တို့ဖြစ်သည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သောပုလဲများမှာ တောင်ပင်လယ် ရေငန်ပုလဲအမျိုးအစားဖြစ်သည်။ တောင်ပင်လယ်ရေငန်ပုလဲထွက်ရှိသည့် အခြားနိုင်ငံများမှာ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ကြသည်။ တောင်ပင်လယ် ပုလဲများသည် ပုလဲသားထူခြင်း၊ တောက်ပြောင်ခြင်းတို့ကြောင့် လူကြိုက်များသည်။

တောင်ပင်လယ်ပုလဲများမှာ ပန်းနုရောင်၊ ရွှေရောင်၊ ငွေရောင်စသည်ဖြင့် ရှိသည်။ ရွှေရောင် တောင်ပင်လယ်ပုလဲများကို မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများတွင်သာ ရရှိနိုင်သည်။ တောင်ပင်လယ်ပုလဲများကို မုတ်ကောင်အကြီးမျိုးများမှ ထုတ်လုပ်ရရှိနိုင်သည်။

အဆိုပါ မုတ်ကောင်များကို မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့အနီး မောင်းမကန်ကျွန်းများမှသည် တောင်ဘက် ဇာဒက်ကြီးကျွန်းအထိ ရှာဖွေတွေ့ရှိနိုင်သည်။

ပထမတန်းစားပုလဲ

မြန်မာ့ရေသယံဇာတမှ ထွက်ရှိလာသော ပထမတန်းစား ရွှေရောင်ပုလဲများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသ ရောင်းချရန် ပြင်ဆင်ထားစဉ်။

မြန်မာ့တောင်ပင်လယ်ပုလဲထုတ်လုပ်မှုကို ၁၉၅၄ ခုနှစ်တွင် မြန်မာနှင့်ဂျပန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မြန်မာ့ရေပြင်မှ တောင်ပင်လယ်ပုလဲများ စတင်ထွက်ရှိခဲ့သည်။ မြန်မာ့ တောင်ပင်လယ်ပုလဲများသည် တစ်ချိန်က အရည်အသွေးကောင်းခဲ့သဖြင့် ကမ္ဘာ့ပုလဲဈေးကွက်တွင် ဈေးကောင်းရခဲ့ပြီး မြန်မာ့ပုလဲ ကမ္ဘာ့အသည်းစွဲ ဖြစ်ခဲ့သည်။

၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် နိုင်ငံတကာမှ ပုလဲကုန်သည်များ လာရောက်ဝယ်ယူခဲ့သဖြင့် မြန်မာ့ပုလဲသည် ကမ္ဘာ့ဈေးကွက်၌ နာမည်ကျော်ကြား လူကြိုက်များခဲ့သည်။

ယခင်က မြန်မာ့ရေပြင်တွင် နိုင်ငံပိုင် ပုလဲစခန်းများသာရှိခဲ့ရာမှ ၁၉၉၃ ခုနှစ်မှစတင်၍ ပြည်တွင်း ဖက်စပ်လုပ်ငန်းနှစ်ခုနှင့် ပြည်ပဖက်စပ်လုပ်ငန်း သုံးခုတို့အား နိုင်ငံတော်က ခွင့်ပြုပေးခဲ့သည်။ ပြည်တွင်း၊ ပြည်ပဖက်စပ်လုပ်ငန်းများအနက် ဂျပန်နိုင်ငံမှ Tasaki Shinju Co., Ltd.သည် တိုးတက်မှုအရှိဆုံး ကုမ္ပဏီတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီသည် ယခုနှစ်တွင် ပုလဲအလုံးရေ တစ်သိန်းကျော်၊ တန်ဖိုးအားဖြင့် ယူရိုငွေ ခြောက်သန်းကျော်ဖိုး ရရှိခဲ့သည်။ လာမည့်နှစ်များတွင်လည်း ပုလဲများ ပိုမိုထွက်ရှိမည့် အလားအလာများ ရှိနေသည်။

နိုင်ငံပိုင် ပုလဲစခန်းတစ်ခုဖြစ်သော ပုလဲကျွန်းတွင်လည်း ပုလဲများ တိုးတက်ထွက်ရှိရေး ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်မှစ၍ မုတ်ကောင် တစ်သိန်းကျော်ကို ဝတ်ဆံသွင်း မွေးမြူသွားမည်ဖြစ်သည်။ ယင်းဝတ်ဆံသွင်း မုတ်ကောင်များမှ နှစ်နှစ်ခန့်အကြာတွင် ပုလဲလုံးရေ ၇၀၀၀၀ ခန့် ဖော်ယူရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံပိုင် ပုလဲစခန်းတစ်ခုဖြစ်သော မလိကျွန်းတွင်လည်း သားပေါက်မုတ်ကောင်ငယ်များကို စတင်မွေးမြူနေရာ နှစ်စဉ်မုတ်ကောင် ၅၀၀၀၀ ခန့် ဝတ်ဆံသွင်းရန် လျာထားလျက်ရှိသည်။

ပြည်ပကုမ္ပဏီ သုံးခုအနေဖြင့် စာချုပ်ပါသဘောတူညီချက်အတိုင်း နှစ်စဉ်မုတ်ကောင် နှစ်သိန်းစီ ဝတ်ဆံသွင်းထားပါက ကုမ္ပဏီသုံးခုမှ နှစ်စဉ်ပုလဲလုံးရေ လေး၊ ငါးသိန်းခန့် ရရှိနိုင်တော့မည် ဖြစ်သည်။

နိုင်ငံပိုင်ပုလဲစခန်းများနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ နှစ်စဉ်ပုလဲထုတ်လုပ်မှုလျာထားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

ခုနှစ်	ပုလဲလုံးရေ	အလေးချိန်(မိုမီ)
၂၀၀၁-၂၀၀၂	၆၀၂၈၈	၂၂၆၉၅
၂၀၀၂-၂၀၀၃	၁၂၇၈၅၂	၃၉၃၁၈
၂၀၀၃-၂၀၀၄	၁၇၉၂၉၅	၇၂၃၀၉
၂၀၀၄-၂၀၀၅	၂၃၇၁၀၀	၁၀၃၈၃၀ (ခန့်မှန်း)
၂၀၀၅-၂၀၀၆	၃၂၃၄၅၁	၁၃၂၆၁၂ (ခန့်မှန်း)
၂၀၀၆-၂၀၀၇	၄၃၂၀၀၀	၁၈၈၁၆၀ (ခန့်မှန်း)

တို့ဖြစ်သည်။

အထက်ပါ အချက်များကို လေ့လာကြည့်ပါက နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ပုလဲလုံးရေ တစ်သိန်းကျော် ထုတ်လုပ်မှုကို ၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ နှစ်စဉ်အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် နိုင်ငံပိုင် ပုလဲစခန်းများသည် သားဖောက်မုတ်ကောင် မွေးမြူရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ရာ အရည်အသွေးကောင်းသော ပုလဲများကို မလွှဲမသွေ ထုတ်လုပ်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ပိုမိုရှာဖွေပေးနိုင်တော့မည်မှာ ဧကန်မုချပင်ဖြစ်သည်။

ပုလဲရတနာသည် နဝရတ်ကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ပုလဲရတနာကို ဝတ်ဆင်ခြင်းဖြင့် ကျက်သရေနှင့် ပြည့်စုံသည်ဟု မြန်မာလူမျိုးများက ယူဆကြပြီး အနောက်တိုင်းသားများအနေဖြင့် ပုလဲကို ဝတ်ဆင်ခြင်းဖြင့် ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း၊ အသက်ရှင်သန်နေထိုင်နိုင်စွမ်းရှိခြင်း၊ အစဉ်ထာဝရနုပျိုခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံသော အိမ်ထောင်ရေး ရရှိကြသည်ဟု ယူဆကြပေသည်။

သို့ဖြစ်ရာ မြန်မာ့ရေပြင်သယံဇာတမှ ဖော်ယူရရှိလာသော မြန်မာ့ပုလဲများ ဈေးကွက်ဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ပုလဲများ ပိုမိုထုတ်လုပ်ရေး၊ ကမ္ဘာ့ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲများ မျက်နှာပန်းပွင့်ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။



ဒီဇိုင်း

အသင့်ဝတ်ဆင်ရန် ဒီဇိုင်းအမျိုးမျိုးဖြင့် ပြုလုပ်ထားသော ပုလဲရတနာများကို တွေ့ရစဉ်။

ဓမ္မဗိမာန်တော်ကြီးအတွက် ငွေလှူဒါန်းနိုင်

ရန်ကုန် မတ် ၆

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ တည်ဆောက်လျက်ရှိသော ငါးထပ်သာသနသီတလဓမ္မဗိမာန်တော်ကြီးရှေ့မျက်နှာစာတွင် အလူမီနီယံနေကာမှန်များတပ်ဆင်လျက်ရှိရာ တစ်ပေပတ်လည်အကွက် ပေါင်း၁၆၉၃အတွက် တစ်ကွက်လျှင် အလှူငွေကျပ် ၅၀၀၀ ဖြင့် လှူဒါန်းနိုင်သည်။ အလှူရှင်အားလုံးအား အနုမောဒနာဂုဏ်ပြုလွှာ ပေးအပ်ပြီး ကျပ်တစ်သိန်းနှင့်အထက် လှူဒါန်းသူများအား ကျောက်စာကမ္ပည်းထိုး မှတ်တမ်းတင်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ၊ ရွှေစင်တိပိဋကကျောင်းတော်ဖွင့်ပွဲနှင့် ကျောင်းရေစက်ချပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၆

နဝမမြောက် တိပိဋကရေ ဆရာတော် ဝိဇာတမင်္ဂလာပွဲ၊ စစ်ကိုင်းမြို့နယ် မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ၊ ရွှေစင်တိပိဋကကျောင်းတော်ဖွင့်ပွဲနှင့် ကျောင်းရေစက်ချပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် သက်ဆိုင်ရာ နေရာအသီးသီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံ မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တက်ရောက်ပူဇော်

မင်္ဂလာအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရအမှူးပြုသော တိပိဋက နိကာယ စီမံအုပ်ချုပ်နာယက ဆရာတော်ကြီးများ၊ ပင့်ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

အစီအစဉ်အရ မင်းကွန်းတိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို အဆိုပါ ဆေးရုံသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ မင်းကွန်းတိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မင်းကွန်း တိပိဋက ဓိဝိတဒါန တိုင်းရင်း ဆေးရုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမွှေးနံ့သာပက်ဖျန်း

ယင်းနောက် တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ဆေးရုံ ကမ္ပည်း မော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းကွန်း တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံ မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက မင်းကွန်းတိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်အတွင်း ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပရဆေးဥယျာဉ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပရဆေး စိုက်ပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယနေ့ လှူဒါန်းသည့် ဓိဝိတဒါန တိုင်းရင်းဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးရုံအဖြစ် သတ်မှတ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်သွားရန် စီစဉ်ပေးသည်။

ဆက်လက်၍ တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လှူဒါန်းသည့် ရွှေစင်တိပိဋက ကျောင်းတော်ဖွင့်ပွဲအစီအစဉ်ကို အဆိုပါ ကျောင်းတော်၌ ကျင်းပသည်။

ဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ရွှေစင်တိပိဋက ကျောင်းတော် အလှူရှင် တိပိဋက နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့(မန္တလေး)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်တို့က ဖဲကြိုးဖြတ်၍ ရွှေစင်တိပိဋကကျောင်းတော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေစင်တိပိဋက ကျောင်းတော် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလှူရှင် ဦးသူတော်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ တိပိဋကရေ တိပိဋက ကောဝိဒ ဆရာတော်၊ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက ရွှေစင် တိပိဋက ကျောင်းတော်ကို ဝင်ရောက်ကြည့်ရှုကြသည်။

ကြည့်ရှုပူဇော်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး နောက်ဆုံးသီတင်းသုံးတော်မူခဲ့သည့် ကျောင်းကို သွားရောက်၍ ခင်းကျင်းပြသထားသည့် ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ၊ ရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုပူဇော်ကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ် မင်းကွန်းရွှေစင် တိပိဋကကျောင်းတော် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက် မဟာဗန္ဓုလ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရေစက်ချမင်္ဂလာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။ ယင်းနောက် စောင်းမှူမှူသိန်းက ထူးမခြားနားသီချင်းခံဖြင့် သီဆိုပူဇော်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▲ **ကျောဖုံးမှ**

အလေအလွင့်နည်းပါးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ဆက်စပ်ရှင်းလင်း ပြောကြားသည်။

လမ်းညွှန်မှာကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ယနေ့ ဘားအံဒေသအပါအဝင်ကရင်ပြည်နယ်သည် ရှေးယခင်ကာလနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးကလည်း ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်ရသောပြည်နယ်မဖြစ်ရအောင်၊ အခြားပြည်နယ်/တိုင်းများနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာအောင် ဘဏ္ဍာငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကရင်ပြည်နယ်၌ လိုအပ်သောလမ်းများ၊ တံတားများကို တည်ဆောက်ပေးခဲ့ကြောင်း။

ထို့ပြင် ပြည်နယ်အတွင်း အခြေခံပညာရေး၊အဆင့်မြင့်ပညာပါ လွယ်လင့်တကူ သင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၊ ကောလိပ်များနှင့် ဘားအံတက္ကသိုလ်တို့ကို တိုးချဲ့ထူထောင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အလားတူ ဆေးရုံ၊ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးထားပြီဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ်အပိုင်းကလည်း မိမိဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒေသတွင်း ဖူလုံမှုခိုင်မာပြီး စိုက်ပျိုးရေး၊ သားငါး၊ စက်မှု စသည်ဖြင့် စီးပွားရေး ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘားအံတက္ကသိုလ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒြိယနှင့် ဘားအံမြို့ပေါ်ရှိကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘားအံမြို့ မဲဘောင်ကျောင်းတိုက်တွင် မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီးနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘားအံမြို့ လုမ္ဗိနီကျောင်း ဆရာတော် ဘဒ္ဒန္တ ကဝိဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘားအံမြို့ မဲဘောင်ကျောင်းတိုက်တွင် မဲဘောင်ကျောင်းတိုက် ဆရာတော်ကြီးနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဲဘောင်ကျောင်းတိုက်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘားအံတက္ကသိုလ်သို့ သွားရောက်ကြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် ဘားအံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် Assembly Hall ၌ ဘားအံတက္ကသိုလ်၊ ဘားအံပညာရေးကောလိပ်၊ ဘားအံမြို့ အစိုးရနည်းပညာကောလိပ်နှင့် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်၊ ဘားအံပညာရေးကောလိပ် ကျောင်းအုပ်

ကြီး ဒေါ်နုနုရီ၊ ဘားအံမြို့ အစိုးရနည်းပညာ ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဌေးနှင့် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ် တာဝန်ခံကျောင်းအုပ် ဒေါ်စိုးစိုးမင်းတို့က တက္ကသိုလ်နှင့် ကောလိပ်များ၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းအမျိုးအစားများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ပညာသင်ကြားပေးနိုင်မှုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုများ၊ သင်ကြား/စီမံဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လက်လှမ်းတမီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ကရင်ပြည်နယ်ဘားအံဒေသ၌ ယခုကဲ့သို့ တက္ကသိုလ်နှင့်ကောလိပ်များ ဖွင့်လှစ်ပေးထားခြင်းသည် ကရင်ပြည်နယ်ရှိ လူငယ်များ အဆင့်မြင့်ပညာကို လွယ်လင့်တကူ လက်လှမ်းတမီသင်ကြားနိုင်ရန်အတွက် ဖြစ်ကြောင်း။

ဘားအံဒေသသည် အမှန်တကယ်အားဖြင့် ရန်ကုန်မြို့၊ မော်လမြိုင်မြို့တို့နှင့် အလှမ်းကွာဝေးသောဒေသမဟုတ်ကြောင်း၊ သို့ရာတွင် ဒေသခံပြည်သူအများစုမှာ ရိုးရိုးသားသားရှိသမျှဖြင့် ရောင့်ရဲတင်းတိမ်စွာ နေထိုင်လေ့ရှိကြကြောင်း၊ ပညာရေး၌လည်း အဆင့်မြင့်ပညာတတ်မြောက်သူ၊ ထူးချွန်သူဦးရေနည်းပါးခဲ့ပြီး အေးဆေးစွာ နေထိုင်ကြသူမှာ အများစုဖြစ်ကြောင်း။

လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘားအံတက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးပြီး ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ဘားအံမြို့မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိကြရာ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးသက်နိုင်ဝင်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားဖူးလာ ပြည်သူများအား နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ၅နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကျိုက်ထိုမြို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

တိုးတက်မှု၏အခြေခံ

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လူ့အရင်းအမြစ်ပင်ဖြစ်ရာ ဒေသတွင်း ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ပြီး ဒေသဖွံ့ဖြိုးလာရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ပြည်နယ်၊တိုင်းတစ်ခုနှင့်တစ်ခုအကြား ပညာရေးအခွင့်အလမ်း ကွာဟမှုမရှိဘဲ နယ်မြေဒေသအလိုက် ပညာတတ်များပေါ်များလာမှသာ ကရင်ပြည်နယ်အပါအဝင် ပြည်နယ်၊တိုင်းအားလုံး ဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော်သည်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတော် ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများကလည်း အနာဂတ်ကို ရှုမျှော်ပြီး မိမိတို့၏ တပည့်များကို အရည်အချင်းရှိသော တပည့်များဖြစ်အောင် ပြုစုပျိုးထောင်ပေးစေလိုကြောင်း။

နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းထားချက်များကို နားလည်ပြီး နိုင်ငံတော်၊ ဆရာနှင့် ကျောင်းသား၊ ကျောင်းသူများ ဟန်ချက်ညီညီ လက်တွဲပြီး ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှု (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စစ်ဆေး

ရန်ကုန် မတ် ၆

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့တော်လှန်ရေးပန်းခြံ၌ တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ရေးပြလေ့ကျင့်ရာသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း လေ့ကျင့်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြစစ်ကြောင်းကြီးများအား လိုအပ်သည်များမှာကြားပြီး နံနက်၈နာရီ၄၅မိနစ်တွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရန်ကုန်မြို့တော်လှန်ရေးပန်းခြံ၌ တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါ စစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(ထပဆ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၂၂)**
၁၂:၂၀ ၅။ သုံးဆယ်ရေလှောင်တမံ
၁၂:၃၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း အမေ့ချစ်သူ (ရဲအောင်၊ ပိုင်ဇေရဲထွန်း၊ မေသဉ္ဇာဦး၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-သန်းဖေလေး)**
၂:၃၅ ၇။ ဘိုင်းဒါးဟင်းသီးဟင်းရွက် အထူးဇုန်စိုက်ခင်း
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
၅:၅၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၂၅)**
၇:၃၅ ၁၃။ တေးဂီတအစီအစဉ်
၇:၄၅ ၁၄။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း အပြစ်လို့မယူခဲ့ပါ (အပိုင်း-၂) (ဒွေး၊ နေအောင်၊ နန္ဒာလှိုင်၊ နွေးနွေးလှိုင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

✵ စာမျက်နှာ ၇ မှ

ထို့နောက် ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ်တို့ကို အာရုံပြု၍ ငြိမ်သက်စွာ ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂ

ဓရဓမ္မဘဏ္ဍာဂါရိက အာဇာနည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ထွန်းခဲ့ခြင်းဖြစ်၍ တိပိဋကဓမ္မအောင်မြေဟု ခေါ်ဆိုသင့်ပါကြောင်း။

ဓမ္မနာဒဟူသော အမည်နာမသည်လည်း (ဓမ္မ-တရားတော်ကို၊ နာဒ-ဟိန်းဟောက်ခြင်း၊ ကြူးဝါးခြင်း)ဟူ၍ အဓိပ္ပာယ်ရရှိသဖြင့် ကျေးဇူးတော်ရှင်

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွှေစင် တိပိဋကကျောင်းတော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

မဟာ သဒ္ဓမ္မဇောတိက မဂွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် နဝမမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ ဝိဇာတမင်္ဂလာမွေးနေ့တော်ပူဇော်ပွဲနှင့် ရွှေစင်တိပိဋကကျောင်းတော် ရေစက်ချပွဲ၊ ဇီဝိတဒါန တိုင်းရင်းဆေးရုံဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များအား စုံညီစွာဖူးမြော်ခွင့် ရရှိသည့်အတွက် မဟာကုသိုလ်ဇောစိတ်များ ထက်သန်စွာ တဖွားဖွားဖြစ်ပေါ်လာလျက် ဝမ်းမြောက်ကြည်နူးမှုဖြစ်ရပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

တိပိဋကဓမ္မအောင်မြေ

ဤဓမ္မနာဒ ကျောင်းတိုက်ကြီးမှာ ကျေးဇူးတော်ရှင် ပထမမင်းကွန်း တိပိဋကဓရဆရာတော်ကြီး ပေါ်ထွန်းခဲ့ရာ စာသင်တိုက်ကြီးဖြစ်ပါကြောင်း၊ ကျေးဇူးတော်ရှင် ပထမမင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ဤမင်းကွန်း တိပိဋကဓရ ဓမ္မနာဒ ပရိယတ္တိ စာသင်တိုက်ကြီးအတွင်း၌ သီတင်းသုံးနေထိုင်တော်မူလျက် အစိုးရပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲနှင့် မန္တလေး သကျသီဟ ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋကဓရ၊ တိပိဋကကောဝိဒစာမေးပွဲများ အောင်မြင်တော်မူခဲ့ကြောင်း သိရှိရပါကြောင်း၊ ထို့ကြောင့် ဓမ္မနာဒကျောင်းတိုက်ကြီးသည် ပထမဦးဆုံး တိပိဋက

ပထမမင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ဤဓမ္မနာဒ ကျောင်းတိုက်ကြီးမှ ဓမ္မတရားသံများကို ကမ္ဘာတုန်ဟီးအောင် မိုးချုန်းသကဲ့သို့ ကြူးဝါးတော်မူခဲ့သည်ကို ကြည်ညိုစွာ နာကြားကြရပါသဖြင့် ကျောင်းတိုက်၏ အမည်နာမ အနက်အဓိပ္ပာယ်နှင့် လိုက်လျောညီထွေ ရှိပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

စီမံအုပ်ချုပ်လျက်ရှိ

ဤကဲ့သို့ ပရိယတ္တိသာသနာဝင် သမိုင်းတွင် မော်ကွန်းတင်ကမ္ပည်း ထိုးခဲ့ရသော ဤတိပိဋက ဓမ္မနာဒပရိယတ္တိ စာသင်တိုက်ကြီးကို ကျေးဇူးတော်ရှင် ပထမ မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ သားတပည့်ဖြစ်သော နဝမမြောက်တိပိဋကဓရ၊တိပိဋကကောဝိဒ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ အရှင်မြတ်က ပဓာနနာယကအဖြစ် စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရှိရပါကြောင်း။

အရှင်ဂန္ဓမာလာ လင်္ကာရသည် တိပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှုနာယက ဆရာတော်များအဖွဲ့၌ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည့်အပြင် မင်းကွန်းတိပိဋကဓရဓမ္မနာဒ ရေအလှူတော်အဖွဲ့ကြီး၌လည်း အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါကြောင်း။

နဝမမြောက်တိပိဋကဓရဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ အုပ်ချုပ်တော်မူလျက်ရှိသော ဤဓမ္မနာဒ ပရိယတ္တိ စာသင်တိုက်ကြီးအတွင်း၌ ရွှေစင်တိပိဋက ကျောင်းတော်ကြီးကို မန္တလေးမြို့မျက်ပါးရပ်နေ ကျောင်းဒါယကာကြီး ဦးသူတော်-ကျောင်းဒါယိကာမကြီးဒေါ်ခင်စိန်၊ ရွှေစင်အကယ်ဒမီရွှေဆိုင်နှင့် ရွှေသန့်လုပ်ငန်းမိသားစုတို့က ဆောက်လုပ်လှူဒါန်းခဲ့၍ ယနေ့ဤအချိန်အခါတွင် ယင်းကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာပွဲနှင့် နဝမမြောက် ရွှေစင်တိပိဋကဓရ ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရ၏ သက်တော်(၃၆)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော် မင်္ဂလာအခမ်းအနားကို ပူးတွဲကျင်းပခြင်း ဖြစ်ပါကြောင်းသိရှိရပါကြောင်း။

တိုင်းရင်းဆေးရုံဖွင့်လှစ်

ထို့အပြင် မင်းကွန်းကျေးရွာတိုက်နယ် ဆေးရုံဝင်းအတွင်း၌ နဝမ

မြောက် ရွှေစင် တိပိဋကဓရဆရာတော်ကြီးမှူးသည့် ဓမ္မနာဒရေ၊ဆွမ်း၊ဆေးအဖွဲ့ကြီးက ဦးဆောင်လျက် အများပြည်သူ စုပေါင်းလှူဒါန်းသည့် ငွေကျပ်သိန်းပေါင်း ၃၅၀ကျော်ဖြင့် တည်ဆောက်ထားသော ဇီဝိတဒါန တိုင်းရင်းဆေးရုံတော်ကိုလည်း နိုင်ငံတော်သို့ အပ်နှင်းလျက် တိုင်းရင်းဆေးရုံဖွင့်လှစ်ပွဲ အခမ်းအနားကိုပါ ပူးတွဲကျင်းပခဲ့ပါကြောင်း။

ကျေးဇူးတော်ရှင် ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ပေါ်ထွန်းခဲ့ရာ အောင်မြေဖြစ်သော ဤဓမ္မနာဒ ကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်တော်မူသော နဝမမြောက် တိပိဋကဓရ အရှင်ဂန္ဓမာလာလင်္ကာရသည်လည်း ကျေးဇူးတော်ရှင် ပထမတိပိဋကဓရ မင်းကွန်းဆရာတော်နှင့် အလားတူစွာ သာသနာတော်အကျိုး ထူးထူးခြားခြား သယ်ပိုးဆောင်ရွက် နိုင်တော်မူပါစေ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ပုဂ္ဂိုလ် အမြောက်အမြားကိုလည်း ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း အာသီသပတ္ထနာဆန္ဒမွန်ကို ထုတ်ဖော်လျှောက်ထားအပ်ပါကြောင်း။

ယနေ့ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကြောင့် အလှူရှင်

ရွှေစင်တိပိဋက ကျောင်းတော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

အပေါင်းနှင့်အတူတကွ တပည့်တော်တို့ နိုင်ငံတော်သူ၊ နိုင်ငံတော်သား ပြည်သူပြည်သားအပေါင်းတို့သည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံလျက် မိမိတို့တောင့်တတိုင်း လိုရာဆုနှင့် ပြည့်စုံနိုင်ကြပါစေသော်ဟု ဆုမွန်ကောင်းတောင်းလျက် တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် လျှောက်ထားသည်။

သီဆိုပူဇော်

ယင်းနောက် စောင်းမှူးမှူးသိန်းက ဂုဏ်ပြုရှစ်ဆယ်ပေါ် တေးထပ်ဖြင့် သီဆိုပူဇော်သည်။

ထို့နောက် တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့(မန္တလေး ဌာန) ဥက္ကဋ္ဌ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ကျောင်းဒါယကာ ဦးသူတော်က ဝမ်းမြောက်စကား လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဂွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် ရွှေစင်တိပိဋကဓရ တိပိဋက ကောဝိဒ ကျောင်းဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ ဆရာတော်တို့အား လှူဖွယ်

ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများနှင့် ဝန်ကြီးများ၊ အလှူရှင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးသူတော်မိသားစုတို့က သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အတွက် ငွေကျပ်သိန်း ၁၀၀ကို လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံသည်။

ထို့နောက် ဦးသူတော်က မန္တလေးတိ-နိဥပဋ္ဌာကအဖွဲ့၏တိပိဋကနိကာယ ဆွမ်းပဒေသာပင် ငွေကျပ် ၃၅သိန်းကို လှူဒါန်းရာ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

အထိမ်းအမှတ်အလံပေးအပ်

ယင်းနောက် တိပိဋကဓရ ရေအလှူတော်အသင်းကပ္ပိယကာရကဦးသူတော်က မင်းကွန်းတိပိဋက ဇီဝိတဒါန တိုင်းရင်းဆေးရုံနှင့် ပတ်သက်၍ စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံကို ကျန်းမာရေး ဝန်ကြီးဌာန

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပေးအပ်သည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

အခမ်းအနားအပြီးတွင် အလှူတော်မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုး ငွေမိုး ရွာသွန်းသည်။

(သတင်းစဉ်)

✡ **ပြည်သူများမှ**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ တိုင်း၊ ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များက ကြိုဆိုကြသည်။

ပတ္တမြားစက်မှုဇုန်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ စက်မှုဇုန် တည်ဆောက်ရေး လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့–အဖွဲ့ခေါင်းဆောင် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ပတ္တမြားစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖော်ထုတ်ပြီး မြေကွက်၊ လုပ်ငန်းရှင်များအား ချထားပြီး မြေကွက်၊ တည်ဆောက်ပြီးဖြစ်သည့် ဝါယာကြိုးစက်ရုံ၊ ကွန်ကရစ်ဓာတ်တိုင်စက်ရုံ၊ ကျားခေါင်း ပလတ်စတစ် လက်နှိပ်ဓာတ်မီးစက်ရုံ၊ ရွှေမြန်မာ သံရည်ကျိုနှင့် သံနန်းဆွဲစက်ရုံ၊ တံခွန် သစ်အခြေခံစက်ရုံ၊ ဟုန်စိမ်းသစ်အချောကိုင်စက်ရုံ၊ Sun ချည်မျှင်အပင်ပေါင်းနှင့် ဆေးဆိုးစက်ရုံ၊ ကောင်းမြတ် သစ်အချောကိုင်စက်ရုံ၊ သန်းအောင် သစ်အချောထည်စက်ရုံနှင့် အောင်သုခသစ်အချောထည်စက်ရုံများ၏ အခြေအနေနှင့် တည်ဆောက်ဆဲ စက်ရုံများ၏ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်မှုလုပ်ငန်းရှင်များက ပတ္တမြားစက်မှုဇုန်အတွင်း မိမိတို့စက်ရုံအလိုက် လုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ ထုတ်ကုန်ပစ္စည်းနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး ကေဘယ်လ်ဝါယာစက်ရုံ လုပ်ငန်းခွင်သို့ သွားရောက်၍ ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

ပညာရေးတက္ကသိုလ်(စစ်ကိုင်း)

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ

သည် စစ်ကိုင်းမြို့ရှိ ပညာရေးတက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ပါမောက္ခဌာနမှူးများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပညာရေးတက္ကသိုလ်(စစ်ကိုင်း) သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ ကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာ ၁၄၄လုံး တပ်ဆင်သင်ကြားနေသော IT စာသင်ခန်း၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး အင်အားအပါအဝင် သင်ကြားစီမံ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသဖြင့် ဆရာ၊ ဆရာမများ အင်အားတိုးမြှင့်ရန် လိုအပ်လျက်ရှိရာ ပညာရေးဝန်ကြီးဌာနက လိုအပ်သော ဆရာ၊ ဆရာမအင်အား အချိုးညီ ဖြည့်ဆည်းနိုင်ရေး စီမံချက်ချ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ပညာရေးတက္ကသိုလ် (စစ်ကိုင်း)၌ စာသင်ဆောင်၊ လက်တွေ့ဆောင်၊ စီမံခန့်ခွဲရေးဆောင်၊ ဆေးရုံနှင့် အဝင်လမ်းမကြီး တည်ဆောက်ပြီးစီးနေမှု၊ အဝင်မုခ်ဦး တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်ရေး၊ တက္ကသိုလ်၌ သုံးထပ်ပင်မဆောင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပညာရေးတက္ကသိုလ် (စစ်ကိုင်း)ရှိ e-Education Resource Centre, Language Lab နှင့် Computer Centre တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန် သစ်အခြေခံ စက်မှုလက်မှုကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြရာ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသိန်းထွန်းနှင့် ဦးခိုင်မင်းတို့က စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံအဆောက်အအုံများ၏ အကွက်ချပုံစံ၊ အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ၊ စက်တပ်ဆင်မှု၊ တန်ဖိုးမြင့် လေးဘက်ချော သစ်ခွဲသားအမျိုးမျိုး၊ တံခါး၊ ပြတင်းပေါက်၊ တံခါးပေါင်၊ ကြမ်းခင်းတုံးအမျိုးမျိုး၊ မျက်နှာကြက်အမျိုးမျိုး အပါအဝင် တန်ဖိုးမြင့်သစ်အချောထည်များ ထုတ်လုပ်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သွားရောက်၍ တန်ဖိုးမြင့် သစ်အချောထည်များ ထုတ်လုပ်နေမှုကို ကြည့်ရှုကြသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီတဂူဆရာတော်ကြီးဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့်အတူ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ အဆောင်များကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ သဒ္ဓမ္မဇောတိကာ (သိမ်တော်ကြီး) ဘွဲ့နှင်းသဘင်ဆောင် တည်ဆောက်မည့် ပုံစံငယ်ကိုကြည့်ရှုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

တက်ရောက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းသို့ သွားရောက်၍ မင်းကွန်းတိပိဋကဓိဝိတဒါန တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ၊ ရွှေစင်တိပိဋကကျောင်းတော် ဖွင့်ပွဲနှင့် ရေစက်ချပွဲအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးတက္ကသိုလ်(စစ်ကိုင်း)ရှိ e-Education Resource Centre/ Language Lab ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးတိုင်း တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က တံတားဦးဒေသ၏ နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ လယ်မြေ၊ ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ စိုက်ပျိုးမြေ စုစုပေါင်း၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုးထားမှု၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် အထွက်နှုန်း၊ ဝါ၊ ပဲစင်းငုံ၊ မြေပဲ၊ နေကြာ၊ နှမ်း စိုက်ပျိုးထားမှုနှင့် အထွက်တိုးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေ ပိုမိုရရှိရန် ဆောင်ရွက်နေမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ ဒေသဝမ်းစာ ဖူလုံမှု၊ လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဓိဝခာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ မြို့ရေပေးဝေရေး စီစဉ်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြေငူအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ထန်းလုံးတပ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ တံတားဦးပြည်သူ့ဆေးရုံ ခုတင်ခွဲခန်း အဆင့်မြှင့်တင်ခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တံတားဦးဒေသသည် ရှေးမြန်မာမင်းများလက်ထက်က ဖွံ့ဖြိုးစည်ပင်ခဲ့သော ဒေသကြီးတစ်ခုဖြစ်သော်လည်း ကိုလိုနီအုပ်ချုပ်ရေး လက်အောက်တွင် မြို့ကြီးပြကြီးအဆင့်မှ လျှော့ကျကာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးလာခဲ့ရကြောင်း။

သို့ရာတွင် တံတားဦးဒေသသည် သမိုင်းအစဉ်အလာကြီးမားပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အထွေ့အသက်များဖြင့် ကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း။

အလားအလာကောင်းများရှိ

ထို့ပြင် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့တော်နှင့် အလှမ်းမကွာဝေးလှဘဲ လမ်းပန်းဆက်သွယ်ရေးလည်း အထိုက်အလျောက် ကောင်းမွန်သည့်အပြင် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများလည်း ရှိသည့် မြို့တစ်မြို့ဟု ဆိုရမည်ဖြစ်ကြောင်း။

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသ၏ အခြေခံစီးပွားရေး တိုးတက်ကောင်းမွန်ရေးသည် အဓိကပင်ဖြစ်ကြောင်း၊ မြို့နယ်တိုင်း စီးပွားရေးတိုးတက်ကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ပါမှ အခြေခံဒေသများဖြစ်သော မြို့နယ်များ ပေါင်းရုံးပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လျက် အမျိုးသားစီးပွားရေးဘဝလည်း တိုးပွားခိုင်မာမှာ အမှန်ပင်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ အနေဖြင့် မိမိမြို့နယ် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် မိမိတို့၏

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

➪ **စာမျက်နှာ ၁၁ မှ**

တာဝန်အပြင် ဝီရိယအားနှင့် စေတနာအားပါ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မြို့နယ်အဆင့် တာဝန်ခံများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ပေါ်စေရေးအတွက် မိမိလက်အောက် ဝန်ထမ်းများကို ခေါင်းဆောင်ကောင်း ပီသစွာ စီမံခန့်ခွဲပြီး မိမိဌာနဆိုင်ရာ လုပ်ငန်းတာဝန်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ အားနည်းချက် အားသာချက်များ၊ လိုအပ်ချက်များကို အမြဲမပြတ် ဆန်းစစ်သုံးသပ်လျက် တိုးတက်ရာတိုးတက်ကြောင်းကို နည်းလမ်းရှာဖွေ ကြံစည် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မှန်ကန်တိကျစွာတင်ပြ

ယင်းကဲ့သို့ မိမိဒေသ တိုးတက်ရာ တိုးတက်ကြောင်း တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ရင်း မိမိစွမ်းဆောင်နိုင်ခြင်း မပြုနိုင်သော လုပ်ငန်းကိစ္စရပ်များကို အထက်အဆင့်ဆင့်သို့ မှန်ကန်တိကျစွာ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်လိုအပ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် အခြေခံဒေသမြို့နယ်များ၊ ကျေးလက်များအထိ ဆင်းပြီး ဒေသခံဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း၊ ယနေ့သည် ယင်းသဘောထားနှင့်အညီ မိမိတို့အဖွဲ့သည် တံတားဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန် စေတနာဖြင့် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မှန်ကန်စွာတင်ပြ

သို့ရာတွင် နိုင်ငံတော် တာဝန်ရှိသူများ၊ ဗဟိုအဆင့်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အခြေခံဒေသဖြစ်သော မြို့နယ်တိုင်းသို့ အမြဲမပြတ်လာရောက်နိုင်ခြင်းမရှိရာ မြို့နယ်အဆင့် တာဝန်ခံများ၏ ကြိုးစားအားထုတ်မှု လိုအပ်ချက်များကို အထက်အဆင့်သို့ မှန်ကန်စွာတင်ပြနိုင်မှု၊ အထက်အဆင့်များကလည်း အခြေခံဒေသများမှ တင်ပြချက်များအပေါ် အလေးထားဖြေရှင်းဖြည့်ဆည်းပေးနိုင်မှုတို့ ဖြစ်ထွန်းနေမှသာ မြို့နယ်များဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသော မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူများအပေါ် စေတနာရှေ့ထားပြီး ပြည်သူ့အကျိုးဖြည့်ဆည်းဆောင်ရွက်နိုင်ပါမှ ပြည်သူများ၏ ယုံကြည်အားထားမှုကိုရရှိပြီး ပြည်သူများ၏ပူးပေါင်းပါဝင်မှု စွမ်းအားကို ရရှိမှာဖြစ်ကြောင်း။

ဝီရိယနှင့်စေတနာပေါင်းစပ်

သို့ဖြစ်၍ မြို့နယ်အဆင့် တာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံးက မိမိတို့မြို့နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယနှင့်စေတနာပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်းကြရင်း ပြည်သူများအကျိုး သယ်ပိုးထမ်းဆောင်ခြင်းအားဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို စည်းရုံးရယူကာ နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် သူ့တာကိုယ့်တာမခွဲခြားဘဲ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ Audio Lab၊ Audio Visual Room နှင့် Computer Skill Room တို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့နယ်မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောက်အအုံ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ အဆောက်အအုံများကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

မတ် ၆ရက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော တနင်္သာရီတိုင်းမှ ဆရာတော်သုံးပါးနှင့် သီလရှင်ဆရာကြီးတို့အား မြိတ်အသင်း(ရန်ကုန်)က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။
(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး ပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူသော အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ကြီး အပါအဝင် ဆရာတော်ကြီးသုံးပါး ပူဇော်ပွဲနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော ဂုဏ်ထူးဆောင် နာယကများ၊ အဖွဲ့ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့အား ရန်ကုန်မြို့ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ဗုဒ္ဓသာသနဟိတကာရီအဖွဲ့နှင့် စစ်ကိုင်းမြို့ ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေး (အောက်မြန်မာပြည်) အဖွဲ့တို့၏ ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၄)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ မဟာအဓိသီလကာရီသိမ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး သဇ္ဈနောဒယကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သဇ္ဈနာဘိဝံသက ရှစ်ပါးသီလ ချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လျှောက်ထား

ထို့နောက် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီဓမ္မရိပ်သာ ပဓာနနာယက ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံကြီး၏ ပဓာနဦးဆောင်နာယက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ပဓာန နာယက ဘဒ္ဒန္တလက္ခဏက ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် သဇ္ဈနောဒယ ကျောင်းတိုက် ဆရာတော်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို လျှောက်ထားပူဇော်သည်။ ထို့နောက် ယခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော စစ်ကိုင်း သဇ္ဈနောဒယ ကျောင်းတိုက်ဆရာတော်နှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ ပဓာနနာယက သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တလက္ခဏတို့အား ချီးကျူးပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များက ချီးကျူး ဂုဏ်ပြု ကမ္ပည်းစာလွှာများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးအေးဖေက ချီးကျူးပူဇော်ပွဲ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါး၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်ကြားပူဇော်ကာ ဆရာတော် သံဃာတော်များအား ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လက်ဆောင်ပစ္စည်းပေး

ဆက်လက်၍ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသည့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ နာယကကြီး ဦးစိုးမြင့်(ခ) ဒူးရင်းသီးဦးစိုးမြင့်၊ အဂ္ဂမဟာသီရိသုဓမ္မသီဂ နာယက ဒေါ်အေးအေးကြည်၊ သီရိသုဓမ္မသီဂဘွဲ့တံဆိပ်ရရှိကြသော နာယက ဒေါ်ခင်မြင့်မြင့်နှင့် နာယက ဒေါ်တင်တင်ဝေ၊ သီဟသုဓမ္မသီဂ ဘွဲ့တံဆိပ်ရ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းမြင့်နှင့် သုဓမ္မသီဂဘွဲ့တံဆိပ်ရရှိသည့် ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ရေးအဖွဲ့ (အောက်မြန်မာပြည်)ဥက္ကဋ္ဌ ဒေါ်ခင်စောတို့၏ အတ္ထုပ္ပတ္တိအကျဉ်းကို အဖွဲ့ဝင်များက အသီးသီးဖတ်ကြားကြပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌက ချီးကျူးဂုဏ်ပြု ကမ္ပည်းစာလွှာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ကြီးက အနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွပါဝင်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၄)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ တိုးချဲ့ဖွဲ့စည်းရေး၊ စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပေးအပ်လာသော တာဝန်များကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက ဗဟိုစည်းရုံးရေး ကော်မတီ၏ (၄/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုခြင်း၊ လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကြီးငါးရပ်နှင့်စပ်လျဉ်း၍ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သကြၤန် ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၆

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်းတွင် ဆရာတော် ဦးနန္ဒဝံသ၏ ဩဝါဒကိုခံယူပြီး အမှတ်(၂၂) မင်းလမ်းစမ်းချောင်းမှ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဓမ္မဒါနပြုမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်းတွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉)ဒုတိယလွှာ တရားစခန်းတွင်လည်းကောင်း မတ်လကုန်ထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရခိုင်ပြည်နယ် ဓမ္မာရုံတွင် ဂုဏ်ပူဇော်သဘင် ကျင်းပ

ရန်ကုန် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစက ဆရာတော်တစ်ပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်သုံးပါးနှင့် အခြား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၁ ပါးနှင့် စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်အပါး ၂၀၊ သီလရှင်ဆရာကြီး တစ်ပါးတို့အား ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာပွဲနှင့် သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးသန်းနိုင်(သမ္မတသင်္ကန်းတိုက်)အား ချီးကျူးဂုဏ်ပြု မင်္ဂလာ အခမ်းအနားကို ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၇)ကြိမ်မြောက် ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို မတ် ၆ ရက် နံနက် ၉နာရီတွင် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ဂုဏ်ပူဇော်သဘင် ဆင်ယင်ကျင်းပရာ ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းကြည်(ငြိမ်း)က သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးသန်းနိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။ **(အပေါ်ပုံ)** (က-ပ)

အမျိုးသမီးရေးရာကဏ္ဍ ဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်စောရွှေ၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာ အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေး

မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားနှင့် ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး **(ဝဲပုံ)** ပြန်လည်ထူထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဆွေရည်မြင့်၊ ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့၊ စည်းရုံးရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်၊ ပညာရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်အေးတို့က ဟောပြောဆွေးနွေးကြသည်။ အလားတူမွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာခန်းမတွင် ဟောပြောဆွေးနွေးကြသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဆရာတော်ဦးဃောသိတ တရားတော် "သစ္စဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်)
- **၉:၀၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Measures of Location (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မြင့်မြတ်နှလုံးသား (အပိုင်း-၁) (သရုပ်ဆောင်-လွင်မိုး၊ ဇင်ဝိုင်း၊ ထက်ထက်မိုးဦး၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-ဆေမှိုင်းညို)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၁၇)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

အခြေခံ Molecular Biology ဆိုင်ရာ သင်တန်းပို့ချမည်

ရန်ကုန် မတ် ၆

ဆေးပညာစဉ်ဆက်မပြတ် ဆည်းပူးရေးစီမံချက်အရ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ "အခြေခံ Molecular Biology သင်တန်း" (An Introduction to Molecular Biology-Genomics and Proteomics)ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(ဘီ) (၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ မတ်(၁၃၊ ၁၄၊ ၂၀၊ ၂၁)ရက်တို့တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသည့် ဆရာဝန်များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အခြားစိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန၌ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

'မွေးနေ့ဆုတောင်းလွှာ'
ကိုဇော်နိုင် (Director)
(နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်)
၇-၃-၂၀၀၄ တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည်
တောင်းတိုင်း ပြည့်စုံခြင်းထက်၊မတောင်းတဲ့ ပြည့်စုံပါစေ။
ချစ်ဇနီး-မခင်မာဆွေ MD (LL.B, DBL, DML)
Director, Manager and
(1) No.416/424 Thein Phyu ,(2) 394/396 Shwebonthar,(3) B-3 First Floor, Yuzana ,(4) No.11/12,26-B, Mandalay. ဝန်ထမ်းများ
အထူးအစီအစဉ်
နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော် မှ
နေကာမျက်မှန်များ၊ ပါဝါမျက်မှန်များ (အနီးကြည့်/အဝေးကြည့်)များနှင့် နာရီများကို အထူးဈေးနှုန်း ၅% မှ ၃၀% ထိ Discount များဖြင့် ဝယ်ယူအားပေးနိုင်ကြပါသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ၈-၃-၂၀၀၄(တနင်္လာနေ့)

အချိန် ၁၅:၀၀နာရီ။

နေရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း-၀၃၁-၂၅၁၇၈၊၀၉၈၀၃၂၉၆၈။

09-5003646,
382323, 382337, 251230, 681310, 728282, 660283, 02 - 80227

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူရန် တင်ဒါ ခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းကို ဝယ်ယူလိုပါသည်။
Duplex Board Paper 180 gm^2(32"x 40") - 100 Tons

၂။ တင်ဒါပေးသွင်းမှုကို(၁၁-၃-၂၀၀၄)ရက်နေ့ (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

တိုက်ခန်းငှား/ရောင်းမည်
(ပထမထပ်) 18' x 60'
Ph ; 296911, 293294

ဆရာအာသာ B.A. (English); Dip. in E.L.T.
Speaking + Grammar Mar-6
Spoken English Mar- 15,22,29
SUCCESS LANGUAGE ACADEMY
295724

Q.E.L.C (Language Centre)
INTERMEDIATE ENGLISH, 4 SKILLS, WRITING
IELTS, TOEFL, FCE, SAT WTCS
(City Mart)

SSi Computer Centre



ပွဲစဉ်များအတွက်လေ့ကျင့်

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း နိုင်ငံတကာ ဘောလုံးပွဲစဉ်များအတွက် လေ့ကျင့်နေကြစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း လေ့ကျင့် တရုတ်အိုလံပစ် အသင်းနှင့် ခြေစမ်းပွဲ သွားကစားမည်

ရန်ကုန် မတ် ၆

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများနှင့် ချစ်ကြည်ရေးခြေစမ်း ဘောလုံးပွဲများ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ပဏာမ ကစားသမားများဖြင့် ရွေးချယ်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယင်းအသင်းကို ဖွဲ့စည်းရာတွင် ယခင်လက်ရွေးစင်အသင်းမှ ကစားသမားများ၊ ဘင်းမ်စတက် ချန်ပီယံ (ယူ-၁၈)အသင်းမှ ကစားသမား အချို့၊ အဆင့်မြင့်တန်းမှ ကစားသမားအချို့ စုစုပေါင်း ၃၆ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ အသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက် နည်းပြ ဦးကြည်လွင်၊ ဂိုးနည်းပြ ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ဘောလုံးသမားများ

ရွေးချယ်ဖွဲ့စည်းထားသော ကစားသမားများမှာ ဂိုး - အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ဟိန်းဇေယျာကျော် (ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ နောက်တန်း - စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ စိုးလင်းထွန်း (ဘဏ္ဍာ/အခွန်)၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ဇော်လင်းထွန်း -၂(စီးပွား/ကူးသန်း)၊ အောင်ထွန်းလင်း (ဘဏ္ဍာ/အခွန်)၊ သက်နိုင်စိုး (မြို့တော်စည်ပင်)၊ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ ငွေအောင် (ကာကွယ်ရေး)၊ ကျော်ကျော်လင်း (ကာကွယ်ရေး)၊ အောင်စိုးကြူ(ကာကွယ်ရေး)၊ ဟန်ဝင်းအောင်(တံခွန်)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊ အလယ်တန်း- လွင်ဦး (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မိုး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း-၁ (ဘဏ္ဍာ/အခွန်)၊ မာလ(စီးပွား/ကူးသန်း)၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ အောင်ကျော်ထွန်း၊ (သစ်တော)၊ စန်းမောင်(ကာကွယ်ရေး)၊ ရှေ့တန်း - ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ကျော်သူရ (ဘဏ္ဍာ/အခွန်)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ ထွန်းမင်းဦး(တံခွန်)၊ လာကျဲ အိုလွယ်(ဆောက်လုပ်ရေး)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)၊ ထွန်းမင်းနိုင် (ကာကွယ်ရေး)နှင့် အောင်မိုးဦး (ကာကွယ်ရေး)တို့ဖြစ်ကြသည်။

ခြေစမ်းကစားမည်

အသစ်ပြန်လည် ဖွဲ့စည်းထားသော မြန်မာ့လက်ရွေးစင် အသင်းသည် ယခုလ ၁၇ရက်တွင် တရုတ်နိုင်ငံ၌ တရုတ်အိုလံပစ်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးပွဲနှင့် စပ်လျဉ်း၍ ကြေးမုံက မြန်မာ့လက်ရွေးစင် နည်းပြချုပ် ဦးတင်ဟန်အား မေးမြန်းခဲ့ရာ "အသင်းကိုပဏာမ ၃၆ဦးဖြင့် ရွေးချယ် ဖွဲ့စည်းထားသော်လည်း ယခု တရုတ်နှင့်ခြေစမ်းပွဲအတွက် ၂၆ဦးဖြင့်သာ လေ့ကျင့်လျက်ရှိကြောင်း အဘယ်ကြောင့်ဆိုသော် ကာကွယ်ရေးအသင်းမှ ကစားသမားငါးဦးမှာ ၎င်းတို့ မိခင်ကလပ်နှင့် ချစ်ကြည်ရေးပွဲများ သွားရောက်ယှဉ်ပြိုင်နေပြီး စိုးမြတ်မင်း၊ ဟန်ဝင်းအောင်၊ ထွန်းထွန်းလင်း(ဂိုး)၊

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း နည်းပြချုပ် ဦးတင်ဟန်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ကျော်ဒွန်းတို့ လေးဦးမှာလည်း တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေကြမှာ ဖြစ်သလို လွင်ဦးမှာလည်း Injury ဖြစ်နေကြောင်း၊ ရွေးချယ်ထားသည့် အထဲမှ အောင်ကျော်ထွန်းနှင့် သက်နိုင်စိုးတို့မှာလည်း ဒဏ်ရာအနည်းငယ်ရှိနေကြောင်း၊ ပွဲအမီပြန်ကောင်းလျှင် ပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလောလောဆယ် ကစားသမား ၂၆ဦးဖြင့်သာ လေ့ကျင့်နေကြောင်း၊ အပြီးသတ် ကစားသမားများကို ပွဲနီးမှ ရွေးချယ်မည် ဖြစ်ကြောင်း။

ယခုလိုလက်ရွေးစင်အသင်းနှင့်လူငယ်လက်ရွေးစင်အသင်း ကစားကွက်မတူသည့် အသင်းနှစ်သင်းကို ပေါင်းစပ်ထား၍ လေ့ကျင့်ရသည်မှာ အခက်အခဲရှိကြောင်း၊ မတ် ၁ရက်နေ့မှစ၍ စတင်လေ့ကျင့်ရ၍ လေ့ကျင့်ရက် အနည်းငယ်သာရှိပြီး စုစည်းမှု အားနည်းနေကြောင်း၊ ကစားသမားအနေဖြင့်လည်း ကစားကွက်နှင့် အံဝင်ချင်မှ အံဝင်နိုင်ကြောင်း၊ ပွဲရက် နီးနေပြီဖြစ်၍ လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် လုပ်၍မရကြောင်း၊ ကြံ့ခိုင်မှုလေးနည်းနည်းလုပ်၊ ကစားကွက်နည်းနည်းလုပ်ဖြင့်သာ လေ့ကျင့်နေရကြောင်း၊ အသင်းနှင့်အံဝင်သည့် ကစားသမားများကိုသာ ထည့်သွင်းရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အာရှထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် တရုတ်အသင်းနှင့် ခြေစမ်းကစားရ၍ ကလေးတွေအနေနှင့် အတွေ့အကြုံများစွာ ရရှိမည်ဖြစ်ကြောင်း၊ ယခုခြေစမ်းပွဲအတွက် ပွဲနီးမှ လေ့ကျင့်ရ၍ အခက်အခဲများစွာ ရှိနိုင်ကြောင်း၊ ထို့ကြောင့် ဘောလုံးဝါသနာရှင်များ နားလည်ပေးပါဟု ပြောလိုကြောင်း၊ အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

(ကြေးမုံ)

သာသနရက္ခိတ ပရဟိတကျောင်း ဘုရားဖူးခရီးထွက်မည်

ရန်ကုန် မတ် ၆

တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ (၁)ဝိုင်း ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင် မိဘမဲ့အခြေခံပညာ မူလတန်း သာသနရက္ခိတ ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိက ဦးစီး၍ မိဘမဲ့ကလေးငယ် (၁၀၀)ဦးတို့သည် နွေရာသီ ကျောင်းပိတ်ရက်အတွင်း ဗဟုသုတရရှိစေရန် ရည်ရွယ်၍ မတ်၂၈ ရက်တွင် ရန်ကုန်မြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ လေ့လာရေးဘုရားဖူးခရီးထွက်ခွာမည်ဖြစ်ရာ လှူဒါန်းလိုသူ စေတနာရှင်များသည် ကျောင်းအုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် မတ် ၆

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅၉၂)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မတ် ၄ရက် ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်သံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများနှင့် သီလရှင်များသည် အစီအစဉ်အတိုင်း ရွှေတိဂုံစေတီတော်ရင်ပြင် ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ် လှည့်လည်အလှူခံကြွရောက်တော်မူကြရာ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်း ၂၅၀ ကျော်တန်ဖိုးရှိ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၅၉၂)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်း လှူပွဲအခမ်းအနားကို ရင်ပြင်တော်ပေါ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

သင်္ကြန်တရားပတ် ကျင်းပမည်

ရန်ကုန် မတ် ၆

ပဲခူးမြို့ ဇေယျာသီရိ အသောကကျောင်း၏ အကြိမ် (၄၀)မြောက် သင်္ကြန်တရားပတ်ကို ၁၃၆၅ ခု တန်ခူးလပြည့်ကျော် ၄ ရက်မှ တန်ခူးလကွယ်နေ့ထိ ကျင်းပမည်ဖြစ်ရာ နှစ်စဉ်ဆွမ်းဒါနပြုသည့် အလှူရှင်များနှင့် အလှူရှင်သစ်များ သာသနာ့မာမကအဖွဲ့ ဇေယျာသီရိအသောကကျောင်းတိုက် ဟင်္သာကုန်းမြို့ပတ်လမ်း ဗိုလ်ကုန်း (၁၈)ရပ်ကွက် ပဲခူးမြို့။ ဖုန်း-၀၅၂-၂၂၁၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက် အမှာစကားပြောကြားစဉ်။ (ရကတ)

အာစရိယပူဇော်မည်

ရန်ကုန် မတ် ၆

၁၉၅၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း အထက(၁) သန်လျင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့်ပြီးသော ဆရာ၊ ဆရာမကြီးများအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက် နံနက် ၈ နာရီတွင် အထက(၁) သန်လျင် ပတ္တမြားခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးရန်အောင် ဖုန်း ၀၁-၅၄၀၉၆၊ ဒေါ်စမ်းဝင်း ဖုန်း ၀၅၆-၂၁၁၅၈ နှင့် ဒေါ်အုန်းရီ (အထက-၁၊ သန်လျင်)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်(၃၀) တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၆

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၄ရက် ညနေ ၆နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဖုန်ငါးဖုန်ခွဲ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ ၁၂လရာသီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် လေယာဉ်တက်/ဆင်း လမ်းကြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရန် ဖုန်ငါးဖုန်ခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ဖုန်(၄) ဧရိယာအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဖုန်နယ်မြေ(၅) အတွင်း စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေများ၊ ရေသွင်းရေနုတ် မြောင်းများ အခြေအနေများနှင့် စိုက်ပျိုးရေ ရရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာ ဖုန်များအလိုက် စိုက်ပျိုးနိုင်ခဲ့မှု၊ ရေရရှိမှုနှင့် လာမည့် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် လေယာဉ်တက်/ဆင်းလမ်းကြောင်းတစ်လျှောက် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဖုန်ငါးဖုန်တွင် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ စိုက်ပျိုးမရသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများနှင့် အောင်ရေမရရှိသည့် ကုန်းမြေများကို စနစ်တကျစာရင်းပြုစု၍ ငါးကန်များ စနစ်တကျတူးဖော်နိုင်ရေးနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၆

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် တောင်ကြီး မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇွန် ၂၇ ရက်တွင် တောင်ကြီးမြို့ အဝင် သစ်တောဂိတ်၌ နောင်မွန်မှ တောင်ကြီးသို့ ယာဉ်မောင်း စိုင်းထွန်းရွှေ မောင်းနှင်လာသည့် သ/၈၂၁၈ ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ အိုက်လူနှင့် မခိုင်(ခ)မရှောက်ကျင်တို့ထံမှ ဘိန်းဖြူ ၂၂ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာနေ ဦးရန်စန်း၏သား အိုက်လူနှင့် တစ်ရွာတည်းနေ ဦးရန်စေရှင်း၏ သမီး မခိုင်(ခ) မရှောက်ကျင်တို့နှစ်ဦးအား တောင်ကြီးအမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၉/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။ (သတင်းစဉ်)

ကမ္ဘာ့အမျိုးသမီးများနေ့

၂၀၀၄ ခုနှစ်၊ မတ်လ ၈ ရက်

International Women's Day

8th March 2004

မတ် ၄ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေးစစ်ကြောင်းသို့ အလှူငွေများ လှူဒါန်းခြင်း အခမ်းအနားကို ရေဝတီရေတပ်စခန်းဌာနချုပ် နဝဒေးစစ်ကြောင်းရုံး၌ ကျင်းပရာ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်ထံသို့ မြန်မာ့အားမာန် ကုမ္ပဏီလီမိတက်မှ ဒေါက်တာဇော်ထွန်းက အလှူငွေကျပ်တစ်သိန်းနှင့် အဏ္ဏဝါအောင်မြေ ကုမ္ပဏီလီမိတက်မှ ဦးမော်စိက အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (က-က-ရေ)

မိုးစပါးအောင်ရေ ပေးသွင်းရေး ဆွေးနွေးမှာကြား

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၁

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှဆွေသည် ခရိုင် အတွင်းရေးမှူး ဗိုလ်မှူးအောင်လှ၊ ဂန့်ဂေါမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့ရေပေးရေး ကော်မတီဝင် ဦးကျော်သန်းထွန်း၊ ဦးအောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက်က ဂန့်ဂေါမြို့နယ် ပျားကျေးရွာအနီး ပျားနတ်တောင်ရှိ သဘာဝစိမ့်စမ်းရေထွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တောင်ခြေတွင် တစ်ဖက်ပိတ်ဆည် တည်ဆောက်လျက် ပျားကျေးရွာတွင် ရေပေးဝေရေး လုပ်ငန်း ဆောင်ရွက်နိုင်ရေး၊ လယ်မြေများသို့ မိုးစပါး အောင်ရေအတွက် ရေပေးသွင်းနိုင်ရေးတို့ကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် ပျားကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်ထားရှိသည့် လပြည့်ဝန်း စာကြည့်တိုက်၌စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းပေးသည်။

(၄၆၅)

ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာ တွဲဖက် အထက်တန်းကျောင်း ထာဝရပညာရေး ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း စိုက်ထူမှု အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က အဆိုပါကျောင်း ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၈ ရက်က တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် ဦးဇော်လွင်–ဒေါ်စုစုဝင်း "ဝင်းသီရိမိသားစု" တို့က တပ်ကုန်းမြို့ သဒ္ဓါမိက ကရုဏာရှင် လူမှုကူညီရေးအသင်းသို့ လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် တန်ဖိုးငွေကျပ် ၅၅ သိန်းရှိ ရေသယ်ယာဉ်တစ်စီးကို သဒ္ဓါမိက ကရုဏာရှင် လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးညွန့်တင်နှင့် နာယက ဦးတင်မြင့်တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (၉၂)

ဂုန်လျှော်စီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်

ဝါးခယ်မ ဖေဖော်ဝါရီ ၂၃

မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း ၂၀၀၄–၂၀၀၅ ခုနှစ် မြောင်းမြဇုန် ဂုန်လျှော်စီမံကိန်း ရည်မှန်းချက်ချမှတ်ခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ဝါးခယ်မမြို့နယ် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း လျှော်ရွေးလျှော်ထုပ် စက်ရုံဝင်း အတွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြောင်းမြခရိုင် ဇုန်မန်နေဂျာ ဦးထွန်းမြင့်က မြောင်းမြဇုန်အတွင်း ဂုန်လျှော်စိုက်ပျိုးထုတ်လုပ် လျာထားမှုများကို ရှင်းလင်းတင်ပြပြီးနောက် ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်မြင့်က ဂုန်လျှော်စိုက်ပျိုးမှုနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မိမိတို့ မြို့နယ်အလိုက် ဂုန်လျှော်စီမံကိန်း ဧကများ အောင်မြင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို အသီးသီး တင်ပြသွားသည်။

ဆက်လက်၍ ဂုန်လျှော်စိုက်တောင်သူတစ်ဦးက လိုအပ်ချက်များကို တင်ပြပြီး၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။ (၁၈၂)

ကပြ ဖျော်ဖြေ

ပုသိမ်မြို့ လူမှုဝန်ထမ်းဌာန အမှတ်(၁) မူလတန်းကြိုကျောင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က ပဒေသာကပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ရင်သွေးငယ်ကလေးများက အရိန္ဒမာ အသိဆုံးပါ တေးသရုပ်ဖော် ကပြ ဖျော်ဖြေကြစဉ်။ (၁၆၅)

မြတ်ဆရာပူဇော်ပွဲနှင့်ရွှေရတုခန်းမဖွင့်ပွဲ

ကျိုက်ထို မတ် ၃

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော် အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ ရက် ညနေနှင့် ရွှေရတုခန်းမဖွင့်ပွဲကို မတ် ၂၈ နံနက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မတ် ၂၆ ရက် အရောက်လာကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါကဒေါက်တာ ခွန်အောင်ကျော်–ဒေါ်တင်လွှမ် ဖုန်း– ၂၉၅၅၀၀ နှင့် ဒေါက်တာတင့်ဇော်ဦး ဖုန်း–၀၉–၅၀၀၀၉၆၅၊ ၂၂၉၈၉၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြို့နယ်သတင်းများ

သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား ဖေဖော်ဝါရီ ၂၃ ရက်က နိုင်ငံသား စိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးတင်ထွန်းအုန်းက ပေးအပ်စဉ်။ (၈၆)

မင်းရွာ–ကျောင်းစုတံတား တည်ဆောက်ရေးစစ်ဆေး

ပဲခူး ဖေဖော်ဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော သနပ်ပင် မြို့နယ်အတွင်းရှိ မင်းရွာ–ကျောင်းစု တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ စည်ပင်သာယာရေး ဦးစီးဌာနမှ ဒု–ညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရောက်ရှိလာရာ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်အောင်အောင်နှင့် ဒု–အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ)က တံတားတည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းချိန်အမီ ပြီးစီးရန်နှင့် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

(နယ်စပ်စည်ပင်)

မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

သဲကုန်း မတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယာဉ်ယန္တရားများဖြင့် ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်ဆိုင်းဘုတ်နှင့် လမ်းလယ်ကျွန်းတွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ မြေဆွေးထည့်၍ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၉ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် ဒု–ဦးစီးမှူး(အခွန်)တို့က ကြီးကြပ် ဆောင်ရွက်ပေးသည်။

(မြို့နယ်/စည်ပင်)

စက်ယန္တရားများဖြင့် ရေမြောင်းများ တူးဖော်

နတ်တလင်း မတ် ၁

နတ်တလင်းမြို့တွင်း လမ်းဘေး ဝဲယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက် လျက်ရှိသည်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ပညာဗိမာန် စာကြည့်တိုက်ဖွင့်

ခင်ဦး ဖေဖော်ဝါရီ ၂၀

ခင်ဦးမြို့နယ် ကွမ်းတိုင်းရွာ အခြေခံပညာမူလတန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်စာကြည့် တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် စာထောက်(၃) ဦးအောင်မင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး၊ ပြန်/ဆက် ဦးစီးမှူး ဦးကျော်တင့်က ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို ဟောပြောသည်။ (က–ပ)

ဇီဝလျှပ်စစ်ဓာတ်အားပေးစက်ရုံ လေ့လာ

နွားထိုးကြီး ဖေဖော်ဝါရီ ၁၅

နွားထိုးကြီး မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက် လာစေရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ကျောက်ဆည်မြို့နယ် အရှေ့ငယ်ကိုးကျေးရွာရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ နွားထိုးကြီး မြို့နယ်မှ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးလက်တောင်သူဦးကြီး ၃၈ ဦး၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် လျှပ်စစ်ဝန်ထမ်းများ သွားရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းတို့က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝေမြင့်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းတို့က ကြီးကြပ်ကာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလေ့လာကြရာ ကျောက်ဆည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြမောင်နှင့် ဦးသန်းထွေးတို့အား နည်းပညာကောလိပ် လက်ထောက်ကထိက ဦးမင်းလွင်ဆွေက အစာချေဓာတ်ငွေ့ ထုတ်စက်ရုံ၊ အစာဟောင်းလျှံထုတ်စက်ရုံ၊ ဓာတ်အားပေးစက်ရုံ အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်နည်းပညာကောလိပ်တွင် ရွှေ၊ မြေနှင့် ရွှေရည်ဇီဝ မြေဩဇာ အကြောင်း အသေးစိတ်ရှင်းလင်းကြသည်။ (၉၄)

အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးအောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ကမ်းနားလမ်းမြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ရီရီသောင်းနှင့် အမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မျိုးမြင့်၊ အတွင်းရေးမှူး ဒေါ်နီလာထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် (၁၉)ရပ်ကွက်မှ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် တည်းခိုခန်းပိုင်ရှင်များ အဖွဲ့ ဥက္ကဋ္ဌ ဦးတင်ညွန့်က အဖွဲ့ကိုယ်စား ကျပ် တစ်သိန်း၊ မင်းဆောက်လုပ်ရေး အဖွဲ့မှ ကျပ်ငါးသောင်း၊ ရွှေပြည်သာ ကျောက်မျက်လုပ်ငန်းမှ ကျပ်ငါးသောင်းနှင့် အလှူရှင် ၁၀ ဦးတို့က ကျပ်တစ်သောင်းကို အလှူငွေများကို အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မျိုးမြင့်သို့ ပေးအပ်လှူဒါန်းသည်။ (၃၈၇)

မြို့တွင်းရေမြောင်းများ အထူးသန့်ရှင်းရေးဆောင်ရွက်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

မြို့သန့်ရှင်းသာယာလှပစေရေး၊ မိုးရာသီ ရေစီးရေလာမှန်စေရေးအတွက် ပြင်ဦးလွင်မြို့ ဂဲလောင်းချောင်း အထူးသန့်ရှင်းရေးကို ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် ပြင်ဦးလွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်(၅)နှင့် (၆)ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းပါဝင်လျက် ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီမှစတင်၍ အထူးသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က–ပ)

ဖေဖော်ဝါရီ ၁၇ ရက်က စည်ပင်ဝန်ထမ်းများ ငပုတောမြို့နယ် မဂ္ဂင်လမ်းမကြီးတစ်လျှောက် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်မှုကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂(မြို့ပြ) ဦးအောင်ကိုကိုတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

cyberenglishcentre
Special Summer School Programme (2004)
1. Cyber for Teens (High & Middle School Level)
2. Cyber for Kids (Middle & Primary School Level)
3. Cyber for Kindergarten (K.G Level)
CHRD
NZMEC 712032, 09561 7409; 527035/527076 Ext: 232

ပြင်ဆင်ဖတ်ရှုပါရန်

၅-၃-၂၀၀၄ရက်နေ့ပါ ကြေးမုံ သတင်းစာ စာမျက်နှာ(၁၈) ကော်လံ ၁ တွင်ပါရှိသော ဦးသိန်းရွှေ [မသလ (နိုင်) ၀၂၂၀၈၄]အား ဦးသိန်းရွှေ [၁၂/ကမရ (နိုင်) ၀၂၂၀၈၄]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ဦးကံရွှင်-ဒေါ်ဘေဘီခင်တို့၏သမီး အထက(၁) ဝါးခယ်မမြို့ နဝမတန်း(က)မှ မမြတ်ပွင့်ဖြူ မှတ်ပုံတင်အမှတ် [၁၄/ဝခမ(နိုင်)၁၅၆၉၉၅]အား ယနေ့မှစ၍ မဖြူဖြူသော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဖြူဖြူသော်။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာ ဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဥ်အလုပ်ရုံအမှတ်(၃)
အခြေခံယာဥ်မောင်းသင်တန်းကျောင်း

- အခြေခံယာဥ်မောင်းသင်တန်း အပတ်စဥ် (၁၄၀)ကို ၁၅-၃-၂၀၀၄နေ့ တွင် ဖွင့်မည်။
- ၈-၃-၂၀၀၄နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
- သင်မောင်းလိုင်စင် "ခ"လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
- သင်တန်းတက်ရောက်ရန် အခက်အခဲရှိသူများအတွက် သီးခြားစီစဥ်ပေးသည်။
- နယ်မှသင်တန်းသားများ ဘော်ဒါရှိသည်။
- အမှတ် ၂၄၀(၅)စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

စုံစမ်းရန် ဖုန်း-၀၁-၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
Compactor မောင်းသူ
Grader မောင်းသူ
Excavator မောင်းသူ
Bulldozer မောင်းသူ
Dump Truck မောင်းသူ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဆံပင်ညှပ်ကျွမ်းကျင်သူ — **ကျား (၃) ဦး**
လုပ်သက် (၅)နှစ်အထက်

၂။ ငွေကိုင် — **ကျား (၁) ဦး**

၃။ ညှော်ကြို — **ကျား (၂) ဦး**
အင်္ဂလိပ်စကားပြောအသင့်အတင့် နားလည်ရမည်။

၄။ မန်နေဂျာ — **ကျား (၁) ဦး**

အမှတ်စဥ်(၁)၊ (၂)နှင့်(၃)အတွက် အသက်(၃၀)နှစ်ထက်မကြီးရ၊ ရုပ်ရည်သန့်ပြန့်ရမည်။ အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

အမှတ်စဥ်(၄)အတွက် အသက်(၃၅)နှစ်ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ရာထူးအားလုံးအတွက် မြန်မာနိုင်ငံသားဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သည်။

မှတ်ချက် - နေရေး/ စားရေး / စီစဥ်ပေးမည်။

ဆက်သွယ်ရန်လိပ်စာ- BRIGHT STAR HAIR DRESSING
အမှတ်(၂၅၂)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းရပ်၊ တာမွေမြို့နယ်၊ ဖုန်း-၅၅၆၈၈၁/၇၂၀၆၄၂။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၀

မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) **နှင့်** ၁။ ဦးခင်စိုး
(၎င်း၏မန်နေဂျာ) ၂။ ဒေါ်ငွေငွေဝင်း
တရားနိုင် **တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၇ တရားစရိတ်များ အပါအဝင် ငွေကျပ် ၆၄၃၄၉၆၄/၉၆ပြားကို တရားရှုံးများက တရားနိုင်သို့ ပေးစေရန် ချမှတ်ခဲ့သည့်ဒီကရီကို ဇာရီပြုလုပ်လျှောက်ထားရာ အောက်စာရင်း၌ ဖော်ပြထားသော ပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်၍ ၂၀၀၄ခုနှစ် ဧပြီလ ၉ရက်နေ့ (၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်)နေ့ (၁၀)နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

ရောင်းချခြင်းငှာ အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည့်စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရန်ကုန်တိုင်းတရားရုံး၊ (တွဲဖက်-၆)သို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။ ရောင်းချရာတွင် ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျလွှဲအပ်ထားသော အခွင့်ရကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်သည်။

လေလံရောင်းချရန် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအပေါ် တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်ဖြစ်သည်။ အမြင့်ဆုံးဈေးမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်လျော်ကြောင်း ရောင်းချသူအရာရှိက မှတ်ယူလျှင် လက်မခံဘဲ ပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချရေးကို တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေ ၁၀၀/-လျှင် ၂၅/-နှုန်းဖြင့် လေလံဆွဲဝယ်ယူပြီးဖြစ်သည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်း ခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်သူသည် ငွေအားလုံးပစ္စည်းရောင်းချသည့်နေ့အားပယ်၍ ပစ္စည်းဝယ်ယူပြီး နောက်(၁၅)ရက်မြောက်သည့်နေ့တွင် ရုံးချိန်အမီ ပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့မှာ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေပါက ပထမဆုံး ရုံးစတင်ဖွင့်လှစ်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ အထက်ခွင့်ပြုသည့်နေ့တွင် လေလံဆွဲဝယ်သူကို မပေးဆောင်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ တင်သွင်းထားသည့်ငွေများကို ရောင်းချသည့်အတွက် စရိတ်များပေးပြီးနောက် သင့်သည်ထင်မြင်လျှင် တရားရုံးသို့ အဆုံးအရှုံးခံစေရမည်။ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိငွေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်ကိုဖြစ်စေ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉ဘီ[၅])၊ လူနေရပ်ကွက်အမှတ်-အက်စ်-၇၅၊ မြေကွက်အမှတ်-၇၆၊ မြေဧရိယာ(၀ဒသမ ၀၃၀)ဧက (ပေ၅၀ X၂၆ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်အမှတ်-၁၅၊သုခလမ်း၊မြေနီကုန်း၊ စမ်းချောင်းမြို့နယ်ဟုခေါ်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး (ယခုနှစ်ခန်းတွဲ(၇)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး)။

ကြမ်းခင်းဈေး - ကျပ် သိန်း(၂၀၀)။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းမြောက်ဂုဏ်ပြုခြင်း

လမင်းကံသာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် **အုပ်ချုပ်မှုဒါရိုက်တာဦးရဲထွန်းနိုင်** အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ "သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော် အပ်နှင်းချီးမြှင့်ခံရသဖြင့် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘောဂမဏ္ဍိုင်သစ်ခွဲစက်နှင့်သစ်ရောင်းဝယ်ရေးမိသားစု၊
အောင်ဗမာသံရည်ကျိုစက်နှင့် သစ်အချောထည်စက်ရောင်းဝယ်ရေး
ဒေါ်ခင်ရီ၊ ဦးဝင်းထိုက်-ဒေါ်ခင်မြတ်မြတ်ရွှေ။

SCCD
HOTEL & TOURISM INSTITUTE
Enroll now !!!
City & Guilds
New courses will start on March 2004
Get your international diploma here and brighten your future!!
For more information
Please contact : Nay Lin Aung @ 211888, 211966 Ext: 188
website: www.sccd.com.mm   Place : Summit Parkview Hotel

Vacancies
(for Local Service Only)

We, a well established manufacturing firm has seeking suitable persons for the following posts.

1. Office Staffs
- University Degree
- Age under 30
- English Skill (Speaking, Reading, Writing)
- Computer Literate

2. QCs
- University Degree
- 2 Years experience in garment field
- English Skill (Speaking only)

3. Mechanics
- 2 years experience in garment field
- (Educational background is not preferable)

Interested persons are invited to submit their application forms with relevant documents, labour registration card and a recent photo addressed as follows:

Myanmar Daewoo International Limited
Pyinmabin Industrial Estate
Pyay Road, Mingaladon Township

* Application Form Closing Date — March 12th 2004
* Interview Date — March 16th 2004(1:00 PM)

SOONIRAM PARK LANGUAGE CENTRE
SUMMER ENGLISH COURSE
DIFFERENT LEVELS
8th March
- Current English Language
Teaching Books
- English Four Skills
- Grammar, Vocab.
- Computer CD Rom
- 1 class = 20 students only
Mon: to Fri:
9:00 - 11:30
12:30 - 3:00
Ph : 578167

ကန့်ကွက်နိုင်ပါသည်

ယာဥ်အမှတ် ည/၇၃၀၆ မော်တော်ယာဥ် လက်ဝယ်ရှိသူမှ မော်တော်ယာဥ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

T.A.G Summer School
U.S မှ Child-Care Management
8 March to May
Ph:561825

အမြန်ရောင်းရန်

မော်ဘီမြို့အဝင် ဥယျာဥ်ခြံမြေ သုံးဧကနီးပါးနှင့် ရေခဲစက်အသေးရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၅၇၀၄၈၆။

အများသိစေရန် အမှားပြင်ကြော်ငြာ

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊သုမင်္ဂလာလမ်း၊ အမှတ်(၄၅၅/က)တွင် နေထိုင်သော ကျွန်ုပ်၏အမှုသည် ဦးထွန်းအေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာပါသည်။

၂၈-၁၀-၉၈ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာအချပ်ပို(ဂ)ပါ ကျွန်ုပ်၏အမှုသည် ဦးထွန်းအေး[S/OKA-၀၆၅၈၁၀]နှင့် ညီမ ဒေါ်လှလှသန်း[S/OKA-၀၄၈၄၅၉]တို့၏ ညွှန်ကြားချက်အရ ဦးမြင့်စိန် B.A(Law), LL.B တရားရုံးချုပ်ရှေ့နေ(စဥ်-၂၅၀၉)၏ အများသိစေရန် သတိပေးကြေညာချက်တွင် အမှတ်စဥ်(၁)တွင် ဖော်ပြထားသော ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ သုမင်္ဂလာလမ်းပေါ်ရှိ မြေကွက်အမှတ်-၄၅၅/ခ မြေနှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်သွပ်မိုးအဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်မှာ အမှတ်စဥ်(၂)၌ တရားဝင်ပိုင်ဆိုင်သော အမွေပစ္စည်းများဖြစ်ကြပါသည်ဆိုသော ဖော်ပြချက်မှာ မှားယွင်းဖော်ပြခဲ့မိခြင်းသာဖြစ်ပြီး အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးထွန်းအေး၊ ဒေါ်လှလှသန်း၊ ဒေါ်သန်းထွေးနှင့် ဒေါ်ကြည်ကြည်မိုး+ ဒေါ်ကြည်ကြည်မာတို့သာ ပူးတွဲပိုင်ဆိုင်သောပစ္စည်းသာဖြစ်ကြောင်းနှင့် ယခင်ကြော်ငြာပါအတိုင်း ကျန်အချက်အလက်များအားလုံးကို ပြန်လည်စွဲမြဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညီဝင်း(ပွင့်ဖြူ) B.A.,R.L
တရားရုံးချုပ်ရှေ့နေ(၂၀၀၂)
အမှတ်(၂၀၉)၊ ဒုတိယထပ်(ဝဲခန်း)၊ ၃၇လမ်း၊ ရန်ကုန်မြို့။

252598

ပွေး၊ သဲဝဲ၊ ညှင်း၊ ယားနာအတွက် တကယ်စွမ်းတဲ့ဆေး

ဖန်ဂီဒန်မ်

KONIMEX
PHARMACEUTICAL LABORATORIES



ကွန်ပျူတာ စီဒီရွှမ် အသစ်ရောအဟောင်းပါစုံတဲ့
NATIONAL CD
အမှတ် ၃၅၅၊ ဗိုလ်ချုပ်လမ်း(လမ်း၃၀ထောင့်)၊ ရန်ကုန်။
ဖုန်း- 708225
အမှတ် ၁၆၁၊ မြေညီထပ်၊ ၃၄လမ်း၊ ရန်ကုန်။
ဖုန်း- 252604, 280334

ရွှေရန်တုန် ဘုရားဖူးခရီးဆောင်ရေး
Ph:375426

တရုတ်ဘာသာနှင့်ကွန်ပျူတာသင်တန်း

တရုတ်တက္ကသိုလ်မှ ဘွဲ့ရ၍ တရုတ်ကျောင်းတွင် အထက်တန်းခုနစ်နှစ်ပြဖူးသောဆရာဖြစ်သည်။ တရုတ်ဘာသာရိုးရာယဉ်ကျေးမှု၊ကွန်ပျူတာ၊ (တရုတ်၊ အင်္ဂလိပ်၊ မြန်မာ)စသည်တို့သင်ကြားပေးနိုင်သည်။

အိမ်အရောက် လိုက်သင်ပေးနိုင်သည်။

ဒေါ်အေးအေးမြိုင် Ph: 381949(ရန်ကုန်)
(10:00 AM to 2:00PM)

ရှယ်ပါ(1)
Ph : 560339, 201771

BABY NINI
SUMMER ENGLISH
(၅၁)ဆရာစံလမ်း၊ ဗဟန်း၊ ဖုန်း-၅၄၁၃၅၆။

Mentor BMC DEVELOPMENT COURSE
- Teenage Leadership Development Course
- Leadership Skills Development Course
- Effective Presentation Skills
- LCCI Business Diploma Courses

ROYAL Beauty
Physical Fitness
CENTRE

ဒေါ်စိန်ကြည် အသက်(၈၀)

(ထားဝယ်)

အမှတ်(၁၀၀)၊(၈၁)လမ်း၊ကန်တော်လေး၊ ကန်ရှေ့ရပ်ကွက်နေ (ဦးအင်စီ-ဒေါ်ဖွားအို)တို့၏ သမီးကြီး၊ မန္တလေးမြို့နေ ဦးသီဟ-ဒေါ်သန်းတို့၏ အစ်မကြီး၊ ဦးကျော်စိုးဝင်း (ပြည်ပသင်္ဘော)-ဒေါ်ခင်ယုဆွေ(အမက-၂၀၊ မင်္ဂလာတောင်ညွန့်)၊ ဦးကျော်သန်းဝင်း (ပြည်ပသင်္ဘော) - ဒေါ်ညွန့်ညွန့်စန်း၊ ဦးညီညီဇော်(ပြည်ပသင်္ဘော)-ဒေါ်ညွန့်ရီ၊ ဦးကြည်မြင့်ဦး (ပြည်ပသင်္ဘော)-ဒေါ်မာလာဝင်း(လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန)တို့၏ မိခင်၊ မောင်ဇော်ဇော်မိုး၊ မအေးမြမိုး၊ မလွင်လွင်ခိုင်၊ မောင်အောင်သက်ဦး၊ မအိခိုင်မိုး၊ မောင်သက်နိုင်ထွန်း၊ မောင်ဇေယျာဝင်းထွဋ်၊ မောင်ကောင်းဇော်၊ မောင်ပိုင်မင်းထက်တို့၏ ဘွားဘွားကြီးသည် ၂-၃-၂၀၀၄(အင်္ဂါနေ့) နံနက် ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ကန်ရှေ့နေအိမ်၌ ၈-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ခုနစ်ဆားကျောင်းဆေးရုံ
CD Count

ဒေါ်မြမြခိုင် အသက်(၄၅)နှစ်

(B.E.,Chemical)
အလုပ်ရုံခွဲမှူး(ကုန်ထုတ်)

ရွှေဘိုမြို့၊ ကျည်တော်စုရပ်နေ(ဦးပေါ်မြိုင်-ဒေါ်ထားရွှေ)တို့၏သမီး၊ ရေစကြိုမြို့နယ်၊ မြေတော်ရွာနေ (ဦးဘထိန်)၊ ဒေါ်စိန်ညွန့်တို့၏သမီးချွေးမ၊ ရွှေဘိုမြို့ ကျည်တော်စုရပ်နေ ဒေါ်ခင်စန်းဝေ၊ ဒေါ်ခင်သန်းရွှေ၊ ဒေါ်မြင့်သန်းဆွေ(အလပြ)၏ညီမ၊ ရေစကြိုမြို့နယ် မြေတော်ရွာနေ ဒေါ်ခင်စန်းလွင်၊ မခင်ဌေးလွင်၊ ကိုဇော်လွင်-မဝင်းဝင်းသန်း၊ ကိုအောင်အောင်နိုင်-မခင်ဝင်းလွင်တို့၏အစ်မ၊ မစုမြတ်လွင်၊ မောင်ဇင်မောင်လွင်၊ မအေးမြတ်လွင်တို့၏မွေးသမိခင်၊ ဗိုလ်မှူးတိုးလွင်၏ဇနီး ဒေါ်မြမြခိုင်(အလုပ်ရုံခွဲမှူး)၊ ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံသည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက်တွင် ရွှေတောင်မြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့်
ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်(၇၃)နှစ်

တောင်လုံးပြန်၊ ပုဇွန်တောင်

ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင်နေ (ဦးသိန်းမောင်-ဒေါ်အေးတင်)၏သမီး၊(၄၆)လမ်း၊ ဗိုလ်တထောင်နေ (ဗိုလ်မှူးလှဝင်း)(ငြိမ်း)၏ဇနီး၊ (ဦးခင်လှိုင်)၊ ဦးပါကြီး-ဒေါ်နွယ်နွယ်တို့၏ညီမ၊ (ဦးမြဒင်)- ဒေါ်သန်းနု၊ ဦးသောင်း- ဒေါ်စန်းရီ၊ ဦးမြကြီး-ဒေါ်အေးအေးမူ၊ (ဒေါက်တာလှမြင့်)- ဒေါ်မိမိလေး၊ ဦးခင်မောင်ထွေး-ဒေါ်စန်းစန်းဝင်းတို့၏အစ်မသည် ၂-၃-၂၀၀၄နေ့ညနေ၆း၃၀နာရီတွင် တူဖြစ်သူ မောင်ဝင်းသောင်း၏ အမှတ်(၁၀၅)၊ ပုပ္ပားလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်တွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄နေ့ မွန်းလွဲ၂နာရီတွင်ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ဆွေမျိုးမိတ်သင်္ဂဟတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ၊ တူမများ။

သထုံအသင်း

ဒေါ်သန်းသန်း(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၃၊ ရွှေတောင်ကြားလမ်းနေ ဘဏ္ဍာရေးမှူး ဒေါ်မြသန်း၏ညီမ ရာသက်ပန်အသင်းဝင် ဒေါ်သန်းသန်းသည် ၂၇-၂-၂၀၀၄နေ့က မုံရွာမြို့တွင် ကွယ်လွန်သွားပါ၍၂၉-၂-၂၀၀၄နေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဒေါ်ဘီနူးမာယာ (၅၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၂၄၃)၊ မြေညီ(ဝဲ)နေ ဦးချာဘီလာလ်ဘော့စန(က်)(အိန္ဒိယသံရုံး)၏ဇနီး၊ ဦးဂျစ်ဗဟာဒူး-ဒေါ်ဒန်းမာယာတို့၏အစ်မ(ဦးဘင်းဗဟာဒူး)-ဒေါ်ဥမ္မာဒေဝီဦးခေတ်ရှွန်း-ဒေါ်ရီတာ၊ ဒေါ်စောဒူး (အမက-၂၃၊ လှိုင်သာယာ)၊ မဘီမာ (F&B Manager) Strand Hotel၊ မစီလာ၊ ဦးရိုးဆန်း-မစီသာ၊ မောင်ဘိုဘို-မမိုးမိုးတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၃-၂၀၀၄ (အင်္ဂါနေ့) နံနက်၉း၃၀နာရီတွင် အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျေးဇူးတင်ရှိခြင်း

၂-၃-၂၀၀၄ရက်တွင်ကွယ်လွန်သွားသော မိခင်ကြီးဒေါ်ဘီနူးမာယာနာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်ကုသပေးခဲ့ကြသောအထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆရာဝန်ကြီးများ၊တာဝန်ရှိဆရာ၊ဆရာမများနှင့်ဝန်ထမ်းများအားလုံးအားကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အုံးကြည် အသက်(၈၇)နှစ်

(သထုံ)

သထုံမြို့နေ(ဦးဘခင်-ဒေါ်ဖွားအို)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အမှတ်(၂၄၉)နေ ဒေါ်ခင်ပု၏ညီမ၊ ဦးလှကြည်၏အစ်မ၊ ကိုငွေဝင်း(မြိတ်)မြိတ်မြို့၊ ဦးသက်နိုင် ဒေါ်တင်ဝင်းကြည်တို့၏အကြီးသည် ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဖိုးလှ(၆၆)နှစ်

ဆောက်လုပ်ရေး၊ ကျောက်ဖြူမြို့

ကျောက်ဖြူမြို့၊ အစိုးရရပ်ကွက်၊ ဦးမောင်သာထွန်း-ဒေါ်လှသာတို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၄၉)၊ လမ်း(၉၀)၊ ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မစု၏ခင်ပွန်း၊ မောင်သန်းဦး၊ မသန်းသန်းမေ၊ မသန်းသန်းနု၊ မသန်းသန်းရွှေ၊ မသန်းသန်းဌေး၊ မောင်သန်းထွန်းတို့၏ဖခင်၊ မြေးသုံးယောက်၏အဘိုးသည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအေး (၇၂)နှစ်

ရေကြောင်းတိုင်းတာရေး(အငြိမ်းစား)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်မြို့နေ (ဦးလှဘော်-ဒေါ်သဲညာ)တို့၏သား၊ အမှတ်(၂)ဟသ်ာလမ်းသွယ်၊ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်နေ ဒေါ်သန်းတင်၏ ခင်ပွန်း၊ ဦးလှထွန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ တိုင်းတာရေးဌာနခွဲ)၊ မြို့ပြအင်ဂျင်နီယာဌာန)၊ ဦးအုန်းကျော်-ဒေါ်တင်တင်အေး၊ ဦးတင်မောင်အေး-ဒေါ်နန်းရွှေအိမ်တို့၏ ဖခင်၊ မခိုင်သဇင်ကျော်၏ အဘိုးသည် ၂-၃-၂၀၀၄(အင်္ဂါနေ့) နံနက်၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့၌ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

(ဘညွှန်အောင်ညီနှိုင်း)ဈေးရောင်းမည်

အခြမ်းငှားမည်
Air Con

မြို့ထဲထိုက်ခန်းရောင်းမည်

ရဟန်းဒါယိကာမကြီး

ဒေါ်ရွှေတင် အသက်(၇၈)နှစ်

လမ်းမတော်ညောင်ပင်လေးဈေး

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ မိကျောင်းခြံကျေးရွာနေ(ဦးကျော်ဝ-ဒေါ်အေးဆိုင်)တို့၏သမီး၊(ဦးထွန်းတင်)(လမ်းမတော်ညောင်ပင်လေးဈေး)၏ဇနီး၊ မြောက်ဥက္ကလာပနေ ဦးညွန့်ခင်-(ဒေါ်အုံးမြင့်)၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်အောင်မင်းခေါင်လမ်း၊ အိမ်အမှတ်(၅၉၈/က)နေ ဦးလှမြင့် (M.T.W.Cလေဆိပ်)-ဒေါ်ခင်ဌေးတို့၏ မိခင်၊ကိုသန်းထက် - မအေးအေးမင်း၊ ကိုစန်းလွင်(မြို့နယ်မီးသတ်လှိုင်သာယာ)-မမြတ်မြတ်ဦး၊ ကိုတင်အောင်ဌေး (YES.Box)-မခင်လေးသူ၊ ကိုသန်းဇော်ဝင်း-မစန္ဒာမြင့်၊ ကိုစံရွှေမြင့်(ခ)ဖိုးစံ-မခိုင်ဇာဝင်း၊ ကိုဝင်းမိုး-မဥမ္မာညွန့်တို့၏အဘွား၊ မြစ်(၁၇)ယောက်တို့၏ အဘွားသည် ၂၈-၂-၂၀၀၄(စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ၅-၃-၂၀၀၄ (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးစိန်လှ(ငြိမ်း) အသက်(၇၇)နှစ်

ရမည်းသင်းမြို့နေ (ဦးဘသင်-ဒေါ်စောလှ)တို့၏သားကြီး၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပြည်နယ် Bellevue မြို့နေ ဒေါ်သိန်းတင် (Joyce Suraya)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါ်လှမြိုင်၊ အရာခံဗိုလ်ရန်နိုင်(ငြိမ်း)၊ ဦးအောင်မြင့် (စာရင်းစစ်အရာရှိ၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးကိုလေး(ငြိမ်း)၊ ဒေါ်မြမြသန်း(ကြီးကြပ်ရေးမှူး၊နိုင်ငံခြားဘဏ်)၊ ဒေါ်သန်းစိန် (စာရင်းစစ်မှူး၊ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏အစ်ကိုကြီးသည် အထက်ပါနေအိမ်၌၂၄-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင်ကွယ်လွန်သွား၍ ၂၆-၂-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂နာရီတွင် ၎င်းမြို့၌ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ။

ဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၏မိခင် ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းမိသားစု အရိုးရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်။**

ဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၏မိခင် ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**အရိုးရောဂါကုအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ (၈၅)နှစ်

ဒေါက်တာဝမ်းမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန-ဒေါက်တာဒေါ်မေမာလာဆွေ(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏မိခင် ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့။**

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးခင်လှ(အငြိမ်းစား)
အသက်(၇၈)နှစ်

ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မျိုးဝင်း(ဒုတိယညွှန်ကြားရေးမှူး)-ဒေါ်ဥမ္မာတို့၏ဖခင်သည် ၄-၃-၂၀၀၄ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သွားခြင်းအတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **မွေးမြူရေးဌာနခွဲဝန်ထမ်းများ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)။**

ရဟန်းမယ်တော်
ဒေါ်ခင်သန်း (၆၈)နှစ်

ဖျာပုံမြို့၊ (၁)ရပ်ကွက်၊ ဝါးတန်းနေ (ဦးဘအို-ဒေါ်ညိမ်းပွင့်)တို့၏ သမီး၊ ဒေါ်သောင်း၊ ဒေါ်သိန်း၊ဦးအောင်ခင်-ဒေါ်ခင်အေး၊ ဦးမောင်ကြွေ-ဒေါ်အမာတို့၏ညီမ၊ ဦးဝဏ္ဏိတ(တော်တမန်မင်းကျောင်း)၊ ဦးဓမ္မဝံသ(မြစ်ငယ်၊ ကံဘဲ့ကျောင်း)၊ ဦးဓမ္မပီယ(မလက်ကျေးရွာကျောင်း)ဆရာတော်တို့၏ မယ်တော်၊ ဒေါ်ဝင်းရီ၊ ဦးလှမျိုး-ဒေါ်တင်တင်အောင်(ဖျာပုံမြို့)၊ ဦးမောင်လွင်-ဒေါ်ညွှန့်ညွှန့်သိန်း(မန္တလေး)၊ ကိုကျော်ကျော်-မလေးလေးနွယ်(ရန်ကုန်)၊ မတင်မမတို့၏မွေးသမိခင်၊မမေသူ၊မသင်းသင်းအေး၊ မောင်ထွန်းထွန်းဦး၊ မောင်ထွန်းထွန်းဝင်း၊ မောင်ထွန်းထွန်းနိုင်၊ မောင်မျိုးအောင်၊ မောင်ဇော်ဇော်ဟိန်း-မမာမာစိုး၊မောင်ဘိုဘို၊ မချောစုသူဇာ၊ မောင်ထာဝရ၊ မတွယ်တာတို့၏ ချစ်လှစွာသော အဘွားသည် ၅-၃-၂၀၀၄ (သောကြာနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဂင်ကြူ (၆၅)နှစ်
သဒ္ဓမ္မရံသီရိပ်သာယောဂီ
(မြိတ်)

မြိတ်မြို့နေ (ဦးတူးဝါး-ဒေါ်အုန်းတင်)တို့၏ သမီး၊ ဦးဘန်ဟို(ခ) ဦးသန်းလွင်-ဒေါ်ရှုကြည်တို့၏ညီမ၊ ဦးဘန်စုံ(ခ)ဦးအောင်လှိုင်-(ဒေါ်အမာ)၊ ဦးစောနောင်-ဒေါ်ခင်မမ၊ ဦးသိန်းထွဋ်-ဒေါ်ဂင်လွမ်(ခ)ဒေါ်လေးဖြူ၊ ဦးရဲထွန်းဘွား-ဒေါ်ရှင်ရှင်ဆွေတို့၏ အစ်မသည် ၆-၃-၂၀၀၄ (စနေနေ့)တွင် ရန်ကုန်မြို့၊ တိုက်(၁၅)၊အခန်း(၁၀)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

မောင်ရဲကျော်သူ(၂၉)နှစ်
B.Sc (Maths) LCCI Level I, II
ကထိက(မြန်မာနိုင်ငံစာရင်းကိုင်များအသင်း)
ကွန်ပျူတာ(စာရင်းကိုင်)မြန်မာအောင်ကုမ္ပဏီ
မန်နေဂျာ(Best Color)

(ဦးဘကွန်း၊ ဂုန်လျှော်ဌာနမှူးဟောင်း-ဒေါ်မြခင်) တို့၏ မြေး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)၊ အမှတ်(၇)နေ ဒုအရာခံဗိုလ် ၇၁ တင်ဝင်း-ဒေါ်သန်းသန်းကွန်း[ကျွမ်း-၇၊ ငြိမ်း)၊ စစ်/ကိုယ်ကော်ပိုရေးရှင်း၊ ဖက်စပ်(၂)]တို့၏ သားငယ်၊ ကိုစိုးမင်း-မစန္ဒာမမ[ခွဲ၊ ရေး(ပသအ)]၊ တပ်ကြပ်သူရိန်စိုး-မလွင်လွင်မာ၊ တပ်ကြပ်ကြီးခင်အေး-မယဉ်ယဉ်ခိုင်တို့၏ညီ/မောင်၊ တူ၊တူမ ငါးယောက်တို့၏ ဦးလေးသည် ၄-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ယဉ်ယဉ်မြင့်(ခ)
ဒေါ်လှလှမြင့် (၆၄)နှစ်
(အင်းစိန်)

၂၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဒေါ်ယဉ်ယဉ်မြင့်(ခ) ဒေါ်လှလှမြင့်၊ ယခင်ရဲသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးထွန်းရီ(ငြိမ်း) နန်းမြို့ဂေါက်ကွင်း(အကြံပေး)၏ ချစ်လှစွာသော ဇနီးနာမကျန်းစဉ်က အထူးဂရုစိုက်ကုသပေးကြသော သီရိအထူးကုဆေးခန်း မိသားစုနှင့် ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရန်ကုန်မြို့ တော်ဝင် မိသားစုကုမ္ပဏီမှ မိသားစုများ၊ ဝန်ထမ်းများ၊ သီရိရိပ်သာ(၁)မှ မိသားစုများ၊ အောင်ချမ်းအေးရပ်ကွက်မှ သာရေးနာရေးအသင်းသူ၊ အသင်းသားများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ မန္တလေးမြို့အကျဉ်းဦးစီးဌာနမှ အုပ်စုညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှ ရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေးမှူးခင်းတပ်ဖွဲ့ခွဲမှ ရဲမှူးကြီး၊ ဒုရဲမှူးကြီးနှင့် မိသားစုတပ်ဖွဲ့ဝင်များ၊ မန္တလေးသတင်းတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေးယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ နန်းမြို့ဂေါက်ကွင်းမှ တာဝန်ရှိလူကြီးများနှင့် မိတ်ဆွေများ၊ အောင်မြင့်မိုရ်ဟိုတယ်နှင့် သာစည်ပွဲရုံမိသားစု၊ ပွိုင့်နေကြာစေ့လုပ်ငန်း မိသားစု၊ ရွှေပြည်သာကုမ္ပဏီလီမိတက်မိသားစုများ၊ သိင်္ဂီရွှေစင်ကုမ္ပဏီမိသားစု၊ မြနဒီဟိုတယ်မိသားစု၊ မင်းမိသားစုကုမ္ပဏီမိသားစု၊ ၇၁လမ်းမိသားစု၊ ရန်ကုန်မြို့မှလာရောက်ကြသော မိသားစု၊ အင်းစိန်မြို့မှဆွေမျိုးများနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘီးလင်းမြို့နယ်အသင်း
ဦးလှမောင် (၆၃)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ အနောက်မဟာဘောဂလမ်းနေ ဒေါ်ငွေလှ၏ ခင်ပွန်း ဦးလှမောင်သည် ၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၃-၂၀၀၄ရက်တွင် အထက်ပါနေအိမ်မှ ဘီးလင်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဗိုလ်ကံကောင်း(ခ)ငြိမ်းချမ်း
B.A (D.S.A) အပတ်စဉ်(၄၅)
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဟာစတာဗဟာဒူး)-ဒေါ်ဂူမား၊ ကလောမြို့၊ ငါးနစ်ကောင်ကျောက်တိုက်နေ (ဦးမောင်မောင်-ဒေါ်ညွှန့်ညွှန့်)တို့၏ မြေး၊ ရန်ကင်းမြို့နယ်၊ (၁၀၄)ရိပ်သာ၊ လိုင်း(၁၆၀/၅)နေ ဒု-အရာခံဗိုလ်ထင်ကျော် (ကာကွယ်ရေးဝန်ကြီးဌာန) - ဒေါ်အေးအေးမြင့်တို့၏ သားကြီး၊ မောင်သန်းဇော်ဌေး-မယုဇနထင်ကျော်၊ မောင်မင်းချစ်-မနွယ်နီထင်ကျော်တို့၏ မောင်၊ မောင်အောင်မင်းထင်၏ အစ်ကို ဗိုလ်ကံကောင်းသည် ၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်ထွေးလင်း (၈၇)နှစ်
(သီပေါမြို့)

သီပေါမြို့၊ မြန်မာရပ်၊အမှတ်(၅၇)၊ကံ့ကော်လမ်းနေ (ဦးချစ်ဆွေ၊ မြူနီစပါယ်အမှုဆောင်အရာရှိချုပ်၊ တောင်ကြီးမြို့)၏ဇနီး၊ ဦးစိုင်းကျော်-ဒေါက်တာတင်တင်ဆွေ(လားရှိုးမြို့)၊ ဒေါ်ညွှန့်ညွှန့်ဆွေ၊ ဗိုလ်မှူးမြင့်ဆွေ-ဒေါ်သီတာရွှေ(မန္တလေးမြို့)၊ (ဦးညီလေးဆွေ)-ဒေါ်ဝေဝေဟန်၊ ဦးမျိုးညွှန့်-ဒေါ်စန်းစန်းဆွေ(တောင်ကြီးမြို့)၊ ဦးတင့်ဆွေ-ဒေါ်စိုးစိုးမြင့်၊ ဦးမြတ်ဆွေတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၄ယောက်တို့၏အဘွား ဒေါ်ထွေးလင်းသည် ၅-၃-၂၀၀၄ (သောကြာနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သီပေါမြို့ နမ့်မိန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်စောရင် (၇၉)နှစ်
(ဟင်္သာတ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၈)မြေညီထပ်(ယာ)၊ (၁၆၆)လမ်းနေ ဦးဝင်းမြင့်(ခ)ဦးဟုတ်ဝင်း၏ ဇနီး၊ ဒေါက်တာစန်းလွင်-ဒေါက်တာခင်နွယ်ဦး(အဓိပတိဆေးခန်း)၊ ဦးမြင့်ကြွယ်-ဒေါ်သင်းသင်းဆွေ(မင်္ဂလာဈေး)တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၄-၃-၂၀၀၄ (ကြာသပတေးနေ့) ည ၁၀:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့် (၇၅)နှစ်
(မလက်တို)

(ဦးဘရင်-ဒေါ်စိန်တင်)တို့၏ သား၊ (ဦးဝေလယား-ဒေါ်သိန်းညွှန့်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၉၆)၊ (၅)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်စန်းရီ၏ ခင်ပွန်း၊ (ဦးကျော်ဆိုင်-ဒေါ်သန်းမေ)၊ (ဦးထွန်းသောင်း)-ဒေါ်သန်းစိန်တို့၏ ညီ/မောင်၊ ဦးကျင်-ဒေါ်သန်းမြင့်၊ ဦးတိုးအောင်-ဒေါ်လှမြိုင်တို့၏အစ်ကို၊ ဦးတင်မောင်စန်း၊ ဦးသန်းဦး-ဒေါ်အေးအေးသန်း၊ ဦးစိန်တင့်-ဒေါ်ယဉ်ယဉ်မြင့်၊ (ဦးမြကြည်)၊ (ဦးမျိုးခင်)တို့၏ မွေးသဖခင်၊ မတင်မေဦး၊ မောင်သန်းနိုင်စိုး၊ မောင်မြတ်သူ၊ မောင်ကျော်လင်းထက်တို့၏အဘိုးသည် ၅-၃-၂၀၀၄ (သောကြာနေ့) ည ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းမြင့် (၆၉)နှစ်
(ကျောက်မဲ)

ရန်ကုန်မြို့၊ အမှတ်(၈၈)၊ (၁၃)လမ်း ပထမထပ်နေ ဒေါ်အဲဖောင်၏ ခင်ပွန်း၊ မောင်သောင်းတန်-မဘေဘီလင်း၊ မနန်းယဉ်၊ ကိုသက်နိုင်-မပြုံးပြုံး၏ မွေးသဖခင် ကျေးဇူးရှင်သည် ၅-၃-၂၀၀၄ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့် (၆၄)နှစ်
ရွှေတောင်မြို့၊ မင်းတဲလမ်း

ရွှေတောင်မြို့၊ သရက်တောရပ်ကွက်၊ မင်းတဲလမ်း၊ အမှတ်(၃၀)နေ ဦးတင်ထွန်း၏ ဇနီး၊ ကိုစန်းလွင်- မနီနီလွင်၊ ကိုတင်နွယ်-မချိုချိုမြင့်၊ မရီရီမြင့်၊ ဦးကျော်ခိုင်ထွန်း (အငယ်တန်းအင်ဂျင်နီယာ-၂၊အမှုဆောင်အရာရှိ၊ကျိုက်လတ်စည်ပင်ခွဲ၊ ရှမ်းအရှေ့)၊ မကြည်ကြည်မြင့် (ရွှေတောင်ချည်/ထည်အချောစက်ရုံ)၊ မဖြိုးမြတ်သူတို့၏ မိခင်သည် ၅-၃-၂၀၀၄ရက် နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် နေအိမ်မှ သံပရာသက်တောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Leng Ci (Julie Nu)
အသက်(၄၇)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် Bungtlang ရွာနေ Pu Zung Mang-Pi Lal Mawiတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၂၄၈)နေ Pu Za Nawl၏ ချစ်လှစွာသော ဇနီး၊ Julie၊ Zai Sung-Hmung Uk ၊ Dawt Hlei Zing ၊ Tin Kip (ဒုတိယနှစ်၊ စိတ်ပညာ)၊ Duh Bik Cung (ဒုတိယနှစ်၊ သမိုင်း)၊ Thla Bor Cin(ပထမနှစ်၊ အင်္ဂလိပ်စာ)တို့၏ မွေးသမိခင်သည် ၅-၃-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သချိုင်း၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကားများ LBC Centre ၊ လှိုင်သီရိအိမ်ရာ၊ ယုဇနဥယျာဉ်မြို့တော်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်များမှ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးခင်မောင်ကြီး
အသက်(၆၆)နှစ်
ကုန်သွယ်ရေး၊ စား/ထွေ (ငြိမ်း)
ဥက္ကဋ္ဌ၊ ပန်းခရေသမဝါယမလီမိတက်

အမှတ်(၂၁၃)၊ ရွှေဘုံသာ(လယ်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဘားမင်းသတင်းစာတိုက်ပိုင်ရှင် ဦးဘချစ်တင်)-ဒေါ်ခင်စောမူတို့၏သား၊ မုံရွာမြို့နေ (ဦးကြွားမြင့်-ဒေါ်ခင်မာထွန်း)တို့၏သားသမက်၊ အမှတ်(၃၆)၊ မြေညီထပ်၊ ရွှေဘုံသာအောက်လမ်းနေ (ဦးဘဝင်း-ဒေါ်အမာ)တို့၏ မွေးစားသား၊ ဒေါ်ရီလာမြင့်(ပန်းခရေသမလီမိတက်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကြည်ဝင်း၊ (မောင်ထွန်းထွန်းလှိုင်)၊ မောင်ဇော်ဇော်ဦး၊ (မောင်မြင့်ဆွေ)၊ မောင်စိုးဝင်းထွန်းတို့၏ ဖခင်သည် ၆-၃-၂၀၀၄ရက် မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(Betty Mya)
B.A (စိန့်ဖရန့်စစ်ကျောင်းသူဟောင်း)
အသက်(၆၁)နှစ်
ဦးစီးအရာရှိ(ငြိမ်း)၊အကျဉ်းဦးစီးဌာန

ရန်ကုန်မြို့နေ (ဦးမြ-ဒေါ်သန်း)တို့၏ သမီး၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၄၃၈)နေ ဦးဌေးလှိုင်၏ဇနီး၊ Dr.မိုးလှိုင်(ပြည်သူ့ဆေးရုံ၊ မူဆယ်)-ဒေါ်ယုယုဝင်း(Max အချိုရည်)တို့၏မွေးသမိခင်၊ မခိုင်ရွှေစင်မိုး(S.I.E.C)၏ အဘွား၊ (ဦးသိန်းဌေး-ဒေါ်တင်တင်မြ)၊ ဦးသန်းစိန်-ဒေါ်ခင်ခင်မြ၊ ဦးမောင်မောင်ကြီး-ဒေါ်သင်းသင်းမော်၊ (ဦးမောင်မောင်ရီ)-ဒေါ်ရင်ရင်စိုး၊ ဦးဆန်းဒေး-ဒေါ်သန်းသန်းစိုး၊ ဦးဇော်မင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏ညီမ၊ ဦးသိန်းလှညို-(ဒေါ်ခိုင်ခိုင်လင်း)၊ ဦးမြသောင်းတို့၏အစ်မ၊ ဒေါက်တာဇော်ဌေး-ဒေါ်ခင်စန်းရီနှင့် တူ၊ တူမ ၁၅ယောက်တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၆-၃-၂၀၀၄ (စနေနေ့) နံနက် ၆နာရီတွင် ရွှေဂုံတိုင် S.S.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်သန်း
အသက်(၅၃)နှစ်
လ/ထကြီးကြပ်ရေးမှူး (ရထားထိန်း)
မြန်မာ့မီးရထား၊ တိုင်း(၆)၊ ရန်ကုန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ ခြံအမှတ်(၂၁၅)နေ ဦးတင်မောင်-ဒေါ်သိန်းမြတို့၏ သား၊ (ဦးမြမောင်)-ဒေါ်ခင်တင့်တို့၏ သားသမက်၊ ဒေါ်ပြုံးပြုံးဝင်း၏ခင်ပွန်း၊ ဦးကိုကိုကြီး(လ/ထမန်နေဂျာ၊ သစ်တောဦးစီးဌာန)-ဒေါ်မြကြည်၊ ဦးတင်သိန်း(ပါဆယ်စာရေးကြီး၊ မြန်မာ့မီးရထား) - ဒေါ်ခင်မာကြည်၊ ဒေါ်ကြည်ဥတို့၏ ညီ/မောင်၊ ထွန်းလင်းအောင်(မြန်မာ့မီးရထား)၊ ပြည့်ဖြိုးသူ၊ ကျော်ဇင်ဟန်၊ ကျော်လင်းဟိန်းတို့၏ မွေးသဖခင်၊ ကြည်ပြာစမ်း၊ အောင်တေဇာထက်၊ ဇာခြည်သိန်း၊ ဇာခြည်လင်းတို့၏ဦးလေးသည် ၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးမောင်စိန်(ခ)ဦးကတုံး
အသက်(၈၅)နှစ်
ဇရပ်လှကြီးကျေးရွာပန်းတနော်မြို့နယ်

ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီးကျေးရွာနေ (ဦးဘိုးအုပ်-ဒေါ်ဝါး)တို့၏ သား၊ (ဒေါ်ညွှန့်ညွှန့်ရှိန်)၏ ခင်ပွန်း၊ ဦးအုန်းလှိုင်(M.E.P.E၊ ငြိမ်း)-ဒေါ်အေးမြိုင်၊ ဒေါ်သန်းသန်းဌေး(မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန)၊ဒေါ်ဥမ္မာခိုင်(M.E.P.E၊ ရန်ကုန်တိုင်းရုံး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၆-၃-၂၀၀၄ရက် နံနက် ၃:၂၀နာရီတွင် အမှတ်(၁၉)၊ ဗိုလ်ချုပ်လမ်း(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိန်ထွန်း (၈၄)နှစ်
(မော်လမြိုင်)

အင်းစိန်မြို့၊ အမှတ်(၄/ဘီ)၊ သာယာအေး(၂)လမ်းနေ ဆရာမဒေါ်လှရှင် (အထက-၆၊ ငြိမ်း၊ မော်လမြိုင်)၏ ခင်ပွန်း၊ ဦးလှထွန်း-ဒေါ်မရမ်းခါးတောင်(မ်)၊ ဦးခင်ထွန်း(T.Y.W Co., Ltd.)-ဒေါ်မြူးရယ်၊ ဦးမင်းစိုးလွင်-ဒေါ်မေရီစီစီအေး၊ ဦးမြတ်ထွန်းဦး-ဒေါ်ခင်အေးမြင့်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၃-၂၀၀၄ရက် ညနေ ၄:၂၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမှတ်(၄၂)၊ သာယာအေး(၁)လမ်း၊ တောင်သူကုန်းရပ်၊ အင်းစိန်မွန်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သချိုင်းတွင် ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဇော်ဟိုရာဘီ(ခ)
ဒေါ်ခင်စောမြင့် (၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ (၁၂၃)လမ်း၊ အမှတ်(၅၀)နေ (ဦးမောင်လေး-ဒေါ်ဘူဒီ)တို့၏ သမီး၊ (ဒေါ်နွဲ့နွဲ့)၊ (ဟာဂျီဦးဟူစိန်)-ဟာဂျီမဒေါ်မြင့်မြင့်ဝေ (ဒေါင်းဖန်ဝါစက္ကူနှင့်အလှဆင်ပန်းအမျိုးမျိုးရောင်းဝယ်ရေး၊ အမှတ်၃၇၄၊ ဘီရုံ၊ သိမ်ကြီးဈေး)တို့၏ ညီမ၊ဟာဂျီမဒေါ်နုနု၏အစ်မ၊ တူ၊ တူမ ၁၄ယောက်တို့၏ အဒေါ်သည် ၆-၃-၂၀၀၄ (စနေနေ့) ည ၉:၁၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၇-၃-၂၀၀၄ (တနင်္ဂနွေနေ့) ဇဟိုရ်နမာဇ်အပြီး လမ်း(၁၂၀)ဗလီတွင် ဂျနာဇာနာမာဇ်ဖတ်ပြီး ရေဝေးစွန်နီကဘာရ်စတန်တွင် ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (၅၄)နှစ်
(မြေနီကုန်း)

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရန်ကင်းလမ်း၊အမှတ်(၁၆)နေ (ဦးစိုးပိုင်-ဒေါ်စန်းမြင့်)တို့၏ စတုတ္ထသား၊ စစ်ကိုင်းမြို့ နန်းတော်ရာရပ်နေ (ဦးအောင်ဘ-ဒေါ်အေး)တို့၏သားသမက်၊ အမှတ်(၃)၊ အခန်း(၁၀၁)၊ ဒညင်းကုန်းအိမ်ရာ၊ အင်းစိန်မြို့နေ ဒေါ်ခင်ခင်တိုး(မန်နေဂျာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ခိုင်စိုးအောင်၊ မောင်သန်းထိုက်အောင်တို့၏ ဖခင်သည် ၄-၃-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၂၅နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈-၃-၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်အောင်မြင့်ကြိုင်(၃၃)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊အမှတ်(၁၆)၊ (၅/၇၈၈)၊ ပတ္တမြား(၂)လမ်းနေ ဦးမြဟန်-(ဒေါ်ခင်စိန်)တို့၏သား၊ ဗဟန်းမြို့နယ်၊ယောဇနရာမ ပဋိပတ္တိ စာသင်တိုက်နေ ဦးကုသလ၊ ကိုမျိုးတင့်ဆွေ(A-1၊ ဆောက်လုပ်ရေး)-မတင်မြင့်မြင့်၊ မောင်ဌေးလွင်၊ မောင်ညီညီသိန်း-မနွဲ့နွဲ့ဝင်းတို့၏ ညီ/မောင်၊ မဇင်သန္တာဆွေ၊ မောင်မြတ်မင်းသူတို့၏ ဦးလေးသည် ၆-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်လုံးကပ်ကျော်စေတီတော်၊ ပဋ္ဌမုခမာရဇိန်ငါးမျက်နှာစေတီတော် ရွှေစေတီစေတီတော်၊ရန်အောင်မြင်ဦးဘရဲနိမ္မိတစေတီတော်များ၏နာယက မြို့နယ်သံဃနာယကဥက္ကဋ္ဌ
ဘဒ္ဒန္တ တိက္ခိန္ဒြိယ အဂ္ဂမဟာပဏ္ဍိတ
သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ လက်သမားရပ်၊ အတွင်းပတ္တမြားကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ တိက္ခိန္ဒြိယသည် (၁၃၆၅ခု၊ တပေါင်းလဆန်း ၁၃ရက်) ၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၈:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (တပေါင်းလပြည့်ကျော် ၄ရက်) ၉-၃-၂၀၀၄ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။ အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်၊ လက်သမားရပ်၊ ဟင်္သာတမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ ကေလာသမဟာထေရ်
သိက္ခာတော်(၆၈)ဝါ၊ သက်တော်(၈၈)နှစ်

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ အေးရွာကျောင်း၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေလာသ အရှင်သူမြတ်သည် တပေါင်းလဆန်း၁၁ရက် (၁-၃-၂၀၀၄ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ရာ တပေါင်းလကွယ်နေ့နှင့် တန်ခူးလဆန်း ၁ရက် (၂၀-၃-၂၀၀၄ရက်နှင့် ၂၁-၃-၂၀၀၄ရက်)တို့တွင် အန္တိမစျာပနသာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ရေဝတ
သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့၊ ဇေယျသိဒ္ဓိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသောဆရာတော်ဘဒ္ဒန္တ ရေဝတသည် (၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) (တနင်္ဂနွေနေ့) ၂၉-၂-၂၀၀၄ရက် ညနေ ၅:၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၆၅ခု၊ တပေါင်းလပြည့်ကျော် ၅ရက်) ၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ဇေယျသိဒ္ဓိကျောင်းတိုက်ကြီး၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ထားဝယ်အသင်း
ဒေါ်စိန်ကြည် အသက်(၈၀)
(ထားဝယ်)

ထားဝယ်မြို့နေ (ဆရာကြီးဦးအင်စီ-ဒေါ်ဖွားအို)တို့၏ သမီးကြီး၊ ဦးသီဟ-ဒေါ်သန်းတို့၏ အစ်မ၊ အမှတ်(၁၀၀)၊ ၉၁လမ်း၊ကန်တော်ကလေးနေ အသင်းဝင် အမှတ်(၂၀၂၃)သည် ၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ထားဝယ်အသင်းသူအသင်းသားများအားသိစေအပ်ပါသည်။ အမှုဆောင်ကော်မတီ။

ဒေါ်ကျင်စု (၇၃)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၂၆၃)နေ (ဦးချစ်စိန်)၏ဇနီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၇)လမ်း၊ အမှတ်(၆)နေ ဦးမြင့်သိန်း-ဒေါ်ရွှေမြင့်(ရွှေနဒီအလှကုန်၊ မင်္ဂလာဈေး)၊ ဦးမြင့်အေး-ဒေါ်လှစန်းညွှန့်၊ ဒေါ်နုနု၊ ဦးမြင့်ဌေး-ဒေါ်လှလှရင်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၆-၃-၂၀၀၄ရက် နံနက် ၂နာရီတွင် အမှတ်(၆)၊ (၁၄၇)လမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြမြသန်း (၆၄)နှစ်
ဈေးကလေး
(မြောင်းမြ)

မြောင်းမြမြို့နေ (ဦးမောင်လှိုင်-ဒေါ်ကြည်ကြည်)တို့၏ သမီး၊ ဦးလှဝင်း-ဒေါ်ဌေးရည်၊ ဦးခင်မောင်ရီ- ဒေါ်ခင်မူမူ၊ ဦးသန်းလှိုင်၊ (ဦးသန့်ဇော်မြင့်)-ဒေါ်တင်တင်လှိုင်၊ ဦးဝင်းအောင်-ဒေါ်မာမာလှိုင်၊ ဦးဇော်နိုင်-ဒေါ်တင်တင်ဌေး၊ ဦးကျော်နိုင်-ဒေါ်တင်ဌေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၃၇)၊ ဈေးကလေး(၄)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအောင်ကြည်၏ဇနီး၊ ဦးဇော်ဝင်းအောင်(မြို့နယ်အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)၊ ဦးမျိုးမင်းအောင်၊ ဦးဉာဏ်လင်းအောင်(မြို့နယ်အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)တို့၏ မိခင်သည် ၅-၃-၂၀၀၄ (သောကြာနေ့) ညနေတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်း၊
တန်ဆောင်း၊ ရေကန် ဒါယကာကြီး
ဦးထွေးပို အသက်(၇၀)
မိုးကုတ်ယောဂီ

မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်၊ မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ၊ အနန္တသစ္စာကျောင်းဆောင်နေ ဒေါ်အေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မန္တလေးမြို့၊ ၈၆လမ်း၊ ၂၁လမ်းx၂၂လမ်းကြားနေ ကိုတင်ဝင်း-မအောင်ကြည် (ပတ္တမြားသံနှင့်ဘိလပ်မြေရောင်းဝယ်ရေး)၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းနေ ကိုတင်လုံး- မသန်းသန်းအေး(ဇော်ဝင်း သွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မန္တလေးမြို့၊၂၄လမ်း၊ ၈၃x၈၄လမ်းကြားနေ ကိုပြုံး-မတင်မာဝင်း(ဇော်ဝင်းသွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ မန္တလေးမြို့၊ ၁၈လမ်း၊ ၈၆လမ်းထောင့်နေ ကိုခင်မောင်မြင့်-မမြင့်မြင့်အေး (ရွှေပြည့်စုံ မိုးကုတ်လက်ဖက်)၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းနေ ကိုမြင့်ဌေး-မနီနီအောင်၊ ကိုမင်းနောင်-မချောစု၊ ကိုမင်းအောင်၊ ကိုမင်းမောင်-မခိုင်၊ကိုမင်းသိန်း-မသူဇာ(ဇော်ဝင်းသွပ်ပြားနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းစု)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၆ယောက်တို့၏ အဘိုးသည် ၄-၃-၂၀၀၄ရက် တပေါင်းလဆန်း ၁၄ရက် (ကြာသပတေးနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ တပေါင်းလပြည့်နေ့ မွန်းလွဲ ၂:၃၀နာရီတွင် မန္တလေးမြို့၊ တောင်မြင့်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟနှင့် ဓမ္မမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ် (၅၈)နှစ်
B.A (Philo)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုစာရင်းရုံး

ရန်ကုန်မြို့နေ (ဦးသန်းညွှန့်)-ဒေါ်မြသန်းတို့၏ သားကြီး၊ (ဦးမောင်မောင်-ဒေါ်စောရီ)(ဝက်လက်)တို့၏သားသမက်၊ ဒေါ်ခင်ခင်အုန်း(မြို့နယ်ဦးစီးမှူး၊မင်းကင်းမြို့နယ်စာရင်းစစ်ရုံး)၏ ချစ်လှစွာသော ခင်ပွန်း၊ မအိခိုင်ဇင်ထွဋ်(ဂုဏ်ထူးတန်း၊ IR)၊ မစုလှိုင်တင်ထွဋ် (တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်)တို့၏ ဖခင်သည် ၅-၃-၂၀၀၄ရက် ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၃-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၀၂)နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘားအံ တက္ကသိုလ်တွင် ဘားအံတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရ နည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာ ကောလိပ်တို့မှ ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ တွဲဖက် ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ သရုပ်ပြများအား တွေ့ဆုံလမ်းညွှန်မှာကြားပြီး ဆရာ၊ ဆရာမများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူက ကရင်ပြည်နယ်၏ အကျယ် အဝန်း၊ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်းနှင့် အခြားတိုင်းရင်းသားများ စုစည်း နေထိုင်မှု၊ ဒေသ၏မိုးရွာသွန်းမှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆန် ဖူလုံပိုလျှံမှု၊ ရေတပ်ကောင်း၊ ရော်ဘာ၊သစ်ဆိမ့်ပင်များ စိုက်ပျိုးမှု၊ မြေလွတ် မြေရိုင်းဖော်ထုတ်စိုက်ပျိုးမှု၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စီမံကိန်းရည်မှန်းချက်များ အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပညာရေးနှင့် ကျန်းမာရေး မြင့်မားတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ ကာလတိုစီးပွားရေး စီမံကိန်းကာလ အလိုက် စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ကရင်ပြည်နယ်၏ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာများနှင့် ဆက်လက်အားထုတ်ဆောင်ရွက်ရန် လိုအပ် သည့် စီးပွားရေးကဏ္ဍများကို ကိန်းဂဏန်းအချက်အလက်များဖြင့် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ များ၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်သီးနှံ အမယ် သစ်များဖြစ်ပေါ်ရေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်

☆ ဘားအံဒေသ၌ တက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်ပေးထားခြင်းသည် ကရင်ပြည်နယ်ရှိ လူငယ်များ အဆင့်မြင့်ပညာကို လွယ်လင့်တကူ လက်လှမ်းတမီ သင်ကြားနိုင်ရန်ဖြစ်၊

☆ နယ်မြေဒေသအလိုက် ပညာတတ်များ ပေါများ လာမှ ကရင်ပြည်နယ်အပါအဝင် ပြည်နယ်၊တိုင်း အားလုံး ဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော် သည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတော် ဖြစ်ပေါ်လာမည်၊

☆ ဆရာ၊ ဆရာမများက မိမိတို့၏ တပည့်များကို အရည်အချင်းရှိသောတပည့်များဖြစ်အောင် ပြုစု ပျိုးထောင်၊

☆ နိုင်ငံတော်၊ ဆရာနှင့် ကျောင်းသား ဟန်ချက် ညီညီ လက်တွဲပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကို တည်ဆောက်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကရင်ပြည်နယ်ခရီးစဉ်မှ လမ်းညွှန်မှာကြားချက်

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသော မြို့နယ်အဆင့် ဝန်ထမ်းများက ပြည်သူများအပေါ် စေတနာရှေ့ထားပြီး ပြည်သူ့အကျိုး ဖြည့်ဆည်းဆောင်ရွက် မိမိမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝီရိယနှင့်စေတနာ ပေါင်းစပ်ကြိုးပမ်း

ရန်ကုန် မတ် ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် စနာရီတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် စစ်ဘက်နယ်ဘက်မှအရာရှိများက ကြိုဆိုကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ တံခွန် သစ်အခြေခံစက်မှုလက်မှုကုမ္ပဏီလီမိတက် စက်ရုံ၌ တန်ဖိုးမြင့် သစ်အချောထည်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး**
- **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**